# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မီးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၂၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၇၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်ကို ဆက်သွယ်ထားသည့် မင်းသန်း-မောင်းလျော်(တနင်္သာရီမြစ်ကူးတံတားကြီး) တည်ဆောက်ပြီးစီးပြီ

မြိတ် မတ် ၂၃

မြိတ်နှင့် ကျွန်းစုကို ဆက်သွယ်ထားသည့် မင်းသန်း-မောင်းလျော်(တနင်္သာရီမြစ်ကူးတံတားကြီး) တည်ဆောက်မှုရာနှုန်းပြည့် ပြီးစီးပြီဖြစ်သောကြောင့် မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်သို့ ဆက်သွယ်ထားသည့် အဆိုပါတံတားကြီးကို တနင်္သာရီမြစ်ကူးတံတား(ဒေသအခေါ် မင်းသန်း-မောင်းလျော်တံတား)ဟု ခေါ်ဆိုကြပြီး တနင်္သာရီမြစ်ကြီးကို ဖြတ်သန်းဖောက်လုပ်ထားကြောင်း သိရသည်။

အဆိုပါ တံတားကြီးကို ၂၀၁၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။

"ယခုလက်ရှိ တံတားပေါ်ကနေ ဆိုင်ကယ်၊ ကားတွေ ဖြတ်သန်းသွားလို့ အဆင်သင့်ဖြစ်နေပါပြီ။ ဒါပေမယ့် တံတားဖွင့်ပွဲပြီးမှ ဒေသခံပြည်သူတွေအားလုံး ဖြတ်သန်းအသုံးပြုနိုင်မှာပါ။ အရင်က ရေလမ်းခရီးကိုပဲ အဓိကအသုံးပြုနေရတဲ့ မြိတ်မြို့နယ်နဲ့ ကျွန်းစုမြို့နယ်က ဒေသခံတွေအတွက် ယခုအခါ ကုန်းလမ်းကနေ တိုက်ရိုက်သွားလို့ရပါပြီ" ဟု မောင်းလျော်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖




မင်းသန်း-မောင်းလျော်(တနင်္သာရီမြစ်ကူးတံတားကြီး) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

**ယနေ့** *ဖတ် စ ရာ*

**ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘီလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ**


ပြည်တွင်းသတင်း | စာ ၃






**စိုက်ပျိုးရေးပညာ နှစ် (၁၀၀) တိုင်ပြီ (အပိုင်း-၇)**


ဆောင်းပါး | စာ ၆


### နေ့အပူချိန် မြင့်မားခဲ့သော စခန်းများ၏ ၂၃-၃-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၁.၁ | ၁၀၆.၀ |
| ၂။ | အောင်လံ | ၄၁.၁ | ၁၀၄.၂ |
| ၃။ | မကွေး | ၄၀.၀ | ၁၀၄.၀ |
| ၄။ | ဖောင်းတူ | ၃၉.၇ | ၁၀၃.၅ |
| ၅။ | တောင်ငူ | ၃၉.၅ | ၁၀၃.၁ |
| ၆။ | ပြည် | ၃၉.၄ | ၁၀၂.၉ |
| ၇။ | မြဝတီ | ၃၉.၄ | ၁၀၂.၉ |
| ၈။ | ဆင်ဖြူကျွန်း | ၃၉.၃ | ၁၀၂.၇ |
| ၉။ | တောင်တွင်းကြီး | ၃၉.၂ | ၁၀၂.၆ |
| ၁၀။ | ညောင်လေးပင် | ၃၉.၁ | ၁၀၂.၄ |
| ၁၁။ | နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၃၉.၀ | ၁၀၂.၂ |

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၆၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**နေပြည်တော် မတ် ၂၃**

(၆၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရုံးအမှတ်(၅)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းနယ်ပယ်နှင့်သက်ဆိုင်သော ဌာနများမှ အကြီးအကဲများ နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အမှာစကား ပြောကြားသည်။

ထို့နောက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အတွင်းရေးမှူးချုပ်ဖြစ်သူ Prof. Celeste Saulo က ပေးပို့သော သဝဏ်လွှာ ဗီဒီယိုနှင့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်တို့ကို ပြသပြီး ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနား ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဆုများ ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အတူ ခင်းကျင်းပြသထားသော မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။ (ဝဲပုံ)

မွန်းလွဲပိုင်းတွင် မိုးလေဝသ၊ ဇလဗေဒ၊ ငလျင်ဘာသာရပ်ဆိုင်ရာ စာတမ်း ၁၈ စောင်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများက ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ***ရှေ့ဖုံးမှ***

အဆိုပါ စီမံကိန်းကို ငွေကျပ်သန်းပေါင်း ၁၃၉၁၀ (၁၃ ဘီလီယံကျော်) အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း၊ ယင်းတံတားကြီးသည် မြိတ်မြို့နယ်ရှိ မင်းသန်းကျေးရွာနှင့် ကျွန်းစုမြို့နယ်ရှိ မောင်းလှော်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် မြစ်ကူးတံတားဖြစ်ကြောင်း တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၄)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မင်းသန်း - မောင်းလှော်မြစ်ကူးတံတားမှာ အရှည်ပေ ၂၁၀၀ (၆၄၀ မီတာ) ရှည်လျားပြီး ယာဉ်သွားလမ်းအကျယ် ၂၂ ပေ၊ ရေလမ်းကင်းလွတ် အမြင့် ၂၆ ပေရှိပြီး ပြည်ထောင်စုကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရန်ပုံငွေနှင့် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကြီးမှာ ကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၀ ကျော်တို့မှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့အတွက် ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

## ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

**နေပြည်တော် မတ် ၂၃**

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ ထိုသို့ တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ်ရောက်ရှိလျက်ရှိပြီး ယခု တန်ချိန် ၁၅၀၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ ရွှေပြည်သာ ရွှေမဲဆိပ်ကမ်းသို့ ယမန်နေ့ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ ယနေ့နံနက်ပိုင်းက ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သော ဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေ တင်ဆောင်လာသည့် ရေယာဉ်များပါ အပတ်စဉ် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နီပေါဝန်ကြီးချုပ်ဟောင်း Mr. Madhav Kumar Nepal နှင့် အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ထီးလိုမင်းလိုဘုရား ဖူးမြော်ပြီး ယွန်းပညာကောလိပ် လေ့လာ

**ညောင်ဦး မတ် ၂၃**

မတ် ၂၁ ရက်က နေပြည်တော်၌ ကျင်းပသော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် နီပေါဝန်ကြီးချုပ်ဟောင်း Mr. Madhav Kumar Nepal နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ထီးလိုမင်းလိုဘုရားသို့ သွားရောက်ဖူးမြော်ကြသည်။

ထိုသို့ သွားရောက်ဖူးမြော်ကြည်ညိုစဉ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးက ဘုရားကြီးသမိုင်းကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး **(အောက်ပုံ)** ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က





ဘုရားကြီးပုံတော်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ယွန်းပညာကောလိပ်(ပုဂံ)သို့ ရောက်ရှိရာ ယွန်းပညာကောလိပ်(ပုဂံ) ကျောင်းအုပ်ဆရာမကြီးက ကောလိပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ယွန်းပညာကောလိပ် ကျောင်းသားကျောင်းသူများ၏ ယွန်းထည်ပြုလုပ်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ယွန်းလက်မှုပစ္စည်း အရောင်းဆိုင်များကို လည်းကောင်း၊ ဦးဘငြိမ်း ယွန်းပစ္စည်းအရောင်းဆိုင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် နီပေါနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့် အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**

# ဥပဒေရုံးအဆင့်ဆင့်တွင် အမှုကိစ္စရပ်စီမံခန့်ခွဲမှုစနစ် ကောင်းမွန်စေရန် ရှေ့ပြေးဥပဒေရုံး ၁၈ ရုံးအပြင် မဟာဗျူဟာစီမံကိန်း (၂၀၂၅ – ၂၀၂၉)အရ ရှေ့ပြေးဥပဒေရုံးများကို တိုးချဲ့တည်ထောင်သွားမည်

**နေပြည်တော် မတ် ၂၃**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး သည် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေ အရာရှိများ၊ ခရိုင်ဥပဒေအရာရှိများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာန၏ တတိယမြောက် မဟာဗျူဟာစီမံကိန်း (၂၀၂၅–၂၀၂၉)ကို **"ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်" "Building Legal Trust for the People"** ဖြင့် ပန်းတိုင် ၅ ရပ်၊ မဟာဗျူဟာအစီအစဉ် ၆၁ ခုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ မဟာဗျူဟာစီမံကိန်းအရ ဥပဒေအသိပညာဆိုင်ရာ ဒီပလိုမာဘွဲ့သင်တန်းနှင့် တက္ကသိုလ် ကျောင်းသားများနှင့် ရှေ့နေရှေ့ရပ်များအတွက် ဥပဒေပညာရပ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း၊ Grade– 12 သင်ရိုးညွှန်းတမ်းတွင် ဥပဒေဘာသာရပ်



ထည့်သွင်းပို့ချနိုင်ရန် ဆောင်ရွက်ခြင်း၊ e–library တည်ထောင်ခြင်းတို့ကို တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း။

ထို့ပြင် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများကိုပါ ဥပဒေအသိပညာပြန့်ပွားရေး ဆောင်ရွက်နိုင်ရေးအတွက် Grade–11၊ Grade–12 ဆရာ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဥပဒေအသိပညာပြန့်ပွားစေရေးအတွက် နိုင်ငံ့ဝန်ထမ်းပေါင်း ၃၁၀၁၀၂ ဦးကို ဗဟုသုတဖြန့်ဝေနိုင်ခဲ့ကြောင်း၊ ဥပဒေအရာရှိများ၏ အရည်အသွေးမြင့်မားရေးဆိုင်ရာ သင်တန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်သူလူထုအကြား ဥပဒေဗဟုသုတ အသိပညာများ အလွယ်တကူပျံ့နှံ့နိုင်စေရန်နှင့် ဥပဒေဝန်ဆောင်မှုများကို အလွယ်တကူ လက်လှမ်းမီစေရန် AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးကြီးကြပ်မှုကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပေးပြီးဖြစ်ပါကြောင်း၊ လမ်းညွှန်ချက်အရ ဥပဒေရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်နေသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ ဥပဒေပြဋ္ဌာန်းချက်များကို သိရှိနားလည်ကျင့်သုံးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဥပဒေအနှစ်ချုပ် လက်ကိုင်စာအုပ်များ ပြုစု၍ သင်ရိုးညွှန်းတမ်းရေးဆွဲပြုစုသင်ကြားပို့ချရန်၊ ဥပဒေနှင့်ပတ်သက်၍ နိုင်ငံသားအားလုံး လေးစားလိုက်နာရေးအတွက် ဥပဒေအသိပညာပြန့်ပွားရေး အစီအမံများ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ခွဲဝေချထားပေးသည့် ဘတ်ဂျက်များကို သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း မှန်မှန်ကန်ကန် အကျိုးရှိစွာ အသုံးပြုရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေ(မူကြမ်း)များကို စိစစ်ရာတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ ၁၇–၁–၂၀၂၃ ရက်စွဲပါ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ အမှုလိုက်ဥပဒေအရာရှိများ၏ အရည်အသွေး တိုးတက်ရေးအတွက် အချင်းချင်း အသိပညာဖလှယ်ခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ **ဥပဒေရုံးအဆင့်ဆင့်တွင် အမှုကိစ္စရပ် စီမံခန့်ခွဲမှုစနစ်(case management) ကောင်းမွန်စေရန် ရှေ့ပြေးဥပဒေရုံး ၁၈ ရုံးအပြင် မဟာဗျူဟာစီမံကိန်း (၂၀၂၅ – ၂၀၂၉)အရ ရှေ့ပြေးဥပဒေရုံးများကို တိုးချဲ့တည်ထောင်သွားမည်ဖြစ်**ကြောင်း မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

**သထုံ မတ် ၂၃**

မွန်ပြည်နယ် သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခြင်းတို့ကို မတ် ၂၁ ရက်က သထုံခရိုင်ပြည်သူ့ဆေးရုံကြီး၌ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဝင်းဇော် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများ၊ သမားတော်များ၊ ခွဲစိတ်ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း ကုသခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆန်ကုန်သည်ကြီးများ အသင်း၊ ဆီကုန်သည်ကြီးများ အသင်းနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ သက်သာသောဈေးနှုန်းဖြင့် ဆန်၊ ဆီ၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်စသည့် အခြေခံစားသောက်ကုန်များ ရောင်းချပေးခြင်းတို့ကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပံ့ပိုးပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ ဆိုလာများ ဆက်လက်ထုတ်လုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် မတ် ၂၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်ရှိ အမှတ်(၂၄)အကြီးစား စက်ရုံ (ဒဂုံ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးစဉ် စက်ရုံမှူးက စက်ရုံဆိုင်ရာ အချက်အလက်များ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ရန် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ ဆိုလာများ ဆက်လက်ထုတ်လုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနပိုင် ပုံသေပိုင်ပစ္စည်းများကို အကျိုးရှိအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြောင်းလဲတိုးတက်နေသည့် နည်းပညာများရရှိရေးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း၊ စက်ရုံတာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းမှာကြားပြီး ဆိုလာများထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း ရွှေကသာကုမ္ပဏီလီမိတက်သို့ ငှားရမ်းထားသည့် အီလက်ထရွန်နစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာစက်ရုံအား ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လှိုင်မြို့နယ်ရှိ ရွှေကသာကုမ္ပဏီလီမိတက်သို့ ငှားရမ်းထားသည့် အီလက်ထရွန်နစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာစက်ရုံသို့ ရောက်ရှိပြီး ဆိုလာပြားများ တပ်ဆင်ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဆိုလာများအား နေအိမ်သုံးအပြင် စက်မှုလုပ်ငန်းများပါ တပ်ဆင်အသုံးပြုလျက်ရှိသည့်အတွက် ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန်နှင့် စွမ်းဆောင်ရည်ပြည့် အသုံးပြုနိုင်ရန် စက်ရုံ၌ အရည်အသွေးအာမခံသည့် စနစ်များ ထူထောင်ထားရှိရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့်လုပ်ငန်းစဉ် အဆင့်ဆင့်တွင်လည်း အရည်အသွေးကို စနစ်တကျ စစ်ဆေးရမည်ဖြစ်ကြောင်း၊ ဈေးကွက်ဝယ်လိုအား များပြားနေသည့် ဆိုလာများအား တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ဈေးကွက်ရှိမှသာ ရေရှည်ရပ်တည်လည်ပတ်နိုင်မည်ဖြစ်သည့်အတွက် ဈေးကွက်ကို မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်ပြီး ဈေးကွက်သုတေသနလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကျင့်ဝတ်များနှင့်အညီ စစ်ဆေးထိန်းကျောင်းပေးလျက်ရှိ

**နေပြည်တော် မတ် ၂၃**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံး၌ ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ခရိုင် / မြို့နယ်စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စာရင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ အစီရင်ခံတင်ပြခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူ့ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် နိုင်ငံတော်နှင့်ပြည်သူအတွက် ထိရောက်အကျိုးရှိစေရေး ကျင့်ဝတ်များနှင့်အညီ စစ်ဆေးထိန်းကျောင်းပေးလျက်ရှိပါကြောင်း၊ မိမိတို့၏ ဆောင်ရွက်မှုများသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် များစွာ အကျိုးရှိပြီး အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသဖြင့် အရည်အသွေးပြည့်ဝသည့်အစီရင်ခံစာများ ထုတ်ပြန်နိုင်ရန် လိုအပ်ပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်များကို လမ်းစဉ်အတိုင်း မကြွင်းမကျန်ဖော်ပြ၍ အစီရင်ခံတင်ပြရမည်ဖြစ်ပါကြောင်း၊ သတင်းအချက်အလက်လုံခြုံရေးအတွက်လည်း အထူးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**ကြိုးစားဆောင်ရွက်ကြစေလို**

စာရင်းစစ်ဆေးခြင်းလုပ်ငန်းသည် အဖွဲ့ဖြင့်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သဖြင့် အပြန်အလှန်လေးစားမှုဖြင့် ဆက်သွယ်ဆောင်ရွက်ကြရန်၊ စည်းလုံးညီညွတ်စွာဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်၊ ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေးအတွက် အကောင်းဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သည့် စာရင်းစစ်ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။





**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးနှင့် ခရိုင်/မြို့နယ်စာရင်းစစ်ရုံး အရာထမ်းများက ဝန်ထမ်းအင်အားနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။**(အပေါ်ပုံ)**

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် ရုံးအဆောက်အအုံဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသည့် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



ထိုင်းနိုင်ငံခြားရေး ဒုတိယဝန်ကြီးဟောင်း Mr.Sihasak Phuang-ketkeow ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာစဉ်။

**ရန်ကုန် မတ် ၂၃**

မတ် ၂၁ ရက်က နေပြည်တော်၌ ကျင်းပသော "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသည့် ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အီတလီနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများသည် ယနေ့တွင် ရန်ကုန်မြို့မှ သက်ဆိုင်ရာ နိုင်ငံများသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြသည်။

အဆိုပါ အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) တို့မှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့မှ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည် ယနေ့ ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြပြီး မတ် ၂၄ ရက်တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

စိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# စိုက်ပျိုးရေးပညာ နှစ် (၁၀၀) တိုင်ပြီ (အပိုင်း-၇)

ဒေါက်တာမျိုးကြွယ်

**နိုင်ငံတကာစိုက်ပျိုးရေးပညာ သင်ကြားသော တက္ကသိုလ်များရှိ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်နေသော သီးခြားဌာနအသစ်များ (New Departments)၊ အထူးပြုဘာသာရပ်အသစ် များ (New Majors/Specializations/Subjects) (အဆက်)**

စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ အပါအဝင် နိုင်ငံတကာထိပ်တန်းတက္ကသိုလ်များ (World – Class Top Universities) ကမ္ဘာကျော်ဖြစ်နေရခြင်း နောက်အကြောင်းရင်းတစ်ခုမှာ **ခေတ်မီသစ်လွင်သော တက္ကသိုလ်စာကြည့်တိုက်များ (State-of-the Art University Library)** ရှိနေခြင်းပင် ဖြစ်ပါသည်။

တက္ကသိုလ်စာကြည့်တိုက်များသည် –

**(၁) ဗဟုသုတရှာဖွေရန်၊ လေ့လာမှုပြုရန် ဌာနဖြစ်ခြင်း (Centre for Knowledge and Learning)**

စာကြည့်တိုက်သည် စာအုပ်၊ ဘာသာရပ်ဆိုင်ရာ ဂျာနယ်၊ သုတေသနစာစောင်များနှင့် ယနေ့ခေတ် ဒစ်ဂျစ်တယ်အချက်အလက်များစွာ (Digital Resources) ကိုလည်း သိမ်းဆည်းထားရှိပါသည်။ ထိုစာကြည့်တိုက်များရှိ အဆင့်အတန်းရှိ (High-quality) ပညာရှင်များ စစ်ဆေးပေးထားသော (Peer-reviewed Publications) စာအုပ်၊ ဂျာနယ်၊ စာစောင်များမှ အဆင့်မြင့်သုတေသနနှင့် ပညာရပ်ဆိုင်ရာလေ့လာရေး (Advanced Research and Learning)အတွက် မှီငြမ်းစရာဖြစ်ပါသည်။

**(၂) သုတေသနအတွက် အထောက်အကူပေးခြင်း (Support for Research)**

အဆင့်မြင့်တက္ကသိုလ်များ၏ အသက်သည် သုတေသနနှင့် တွေ့ရှိချက်များကို ကမ္ဘာ့အဆင့် ဂျာနယ်များတွင် တင်ပြပေးခြင်းဖြစ်ပါသည်။ စာကြည့်တိုက်များက အချက်အလက်များ (Data-bases)၊ ကိုးကားရန် ကွန်ပျူတာ အစီအစဉ်ညွှန်ကြားချက်များ (Citation Management Softwares)၊ သုတေသနလမ်းညွှန်များ (Research Guides) ကို ဘွဲ့လွန်ကျောင်းသားများနှင့် သုတေသီများအတွက် ပံ့ပိုးပေးပါသည်။

**(၃) ကမ္ဘာ့စာကြည့်တိုက်များ၏ အရင်းအမြစ်များ ကြည့်ရှုနိုင်ရန် အခွင့်အလမ်းရှိခြင်း (Access to Global Resources)**

စာကြည့်တိုက်အချင်းချင်း ငှားရမ်းနိုင်သော ဝန်ဆောင်မှု (Interlibrary Loans)၊ တက္ကသိုလ်၊ အဖွဲ့အစည်းအလိုက် နှစ်စဉ်ကြေးချိုသာစွာရရှိခြင်း



ဂျာမနီနိုင်ငံ ဂိုတင်ဂန်တက္ကသိုလ်စာကြည့်တိုက်။

(Institutional Subscriptions) တစ်နည်းအားဖြင့် တက္ကသိုလ်၊ သုတေသနဌာနများတွင် ရှိနေသော ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ၊ သုတေသီများ အားလုံးဝိုင်းသုံးနိုင်သော အခွင့်အရေးကို ရရှိပါသည်။ တစ်ကမ္ဘာလုံးရှိ ဒစ်ဂျစ်တယ်မော်ကွန်းမှတ်တမ်းများ (Digital Archives)၊ အလကားရရှိနိုင်သော သုတဘဏ် (Open-access Reposities) တို့ကို မိမိနေရာ၊ တက္ကသိုလ်၊ မိမိနိုင်ငံမှပင် လက်လှမ်းမီ ဖတ်ရှု၊ လွှဲပြောင်းကူးယူနိုင်သော အခွင့်အလမ်း (Opportunity to download) ရရှိပါသည်။

**(၄) ပညာရပ်ဆိုင်ရာဂုဏ်သိက္ခာ ပြန့်ပွားနိုင်ခြင်း (Promoting Academic Integrity)**

စာကြည့်တိုက်များက စနစ်တကျ မှီငြမ်းကိုးကားမှု (Proper Citation)၊ ပုံတူကူးချမှုကို ဖယ်ရှားမှု (Avoiding Plagiarism)၊ ကျင့်ဝတ်နှင့် ကိုက်ညီသောသုတေသနများ ပြုလုပ်စေမှု (Conducting Ethical Research) စသည်တို့ကို လမ်းညွှန်ပေးခြင်းဖြင့် မိမိပညာရပ်၏ဂုဏ်သိက္ခာများ တိုးပွားစေပါသည်။ တက္ကသိုလ်စာကြည့်တိုက်များသည် မှီငြမ်းမှုနည်းစနစ်အမျိုးမျိုး (Referencing Styles)၊ သုတေသနပြုလုပ်နည်းစနစ်များ (Research Methodology)၊ ကျိုးကြောင်းသင့်စွာ အကဲဖြတ်သုံးသပ်မှု (Critical Information Evaluation) များစွာကို ကျောင်းသား ကျောင်းသူများအား သင်ကြားပေးပါသည်။

**(၅) ပူးတွဲလုပ်ဆောင်မှုနှင့် တီထွင်ဖန်တီးမှုတို့အတွက် နေရာပေးခြင်း (Spaces for Collaboration and Innovation)**

ခေတ်မီစာကြည့်တိုက်များ (Modern Libraries) က အချင်းချင်းဆွေးနွေးတိုင်ပင်ကြရန် အခန်းများ (Discussion Rooms) ထားပေးပါသည်။ စာအုပ်များ ဖတ်ရုံသာမက ရုပ်သံများပါ လေ့လာနိုင်သော အခန်းများ (Multi-media Labs) လည်းရှိပါသည်။ ဆရာနှင့် တပည့်များ စာကြည့်တိုက်အတွင်းတင်ပဲ ဆွေးနွေးကြ၊ တိုင်ပင်ကြ၊ လိုအပ်သည်များကို ရှာဖွေကြ ပြုလုပ်နိုင်ပါသည်။ ကွန်ပျူတာနှင့် အင်တာနက် (Internet)၊ ဝိုင်ဖိုင် (Wi-Fi) ပံ့ပိုးမှုကိုတော့ ပေးထားရပါမည်။

**(၆) ဗဟုသုတနှင့် နိုင်ငံအလိုက် ယဉ်ကျေးမှုကို ထိန်းသိမ်းပေးခြင်း (Preservation of Knowledge and Culture)**

စာကြည့်တိုက်များက ရှားပါးရှေးဟောင်းစာပေများ (Rare Manuscripts)၊ သမိုင်းဝင်လက်ရေးမူ၊ လက်မှတ်ပါအထောက်အထားများ (Historical Documents)၊ ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းပစ္စည်းများ (Cultural Artifacts) ကို တာရှည်ခံအောင် ကာကွယ်ပေးထား (Preserve) သဖြင့် သုတေသနနှင့် သင်ယူရေးအတွက် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များဖြစ်ပါသည်။ ဤသည့် စုဆောင်းမှုများ (Collections) ကို ရေရှည်တည်တံ့နိုင်အောင် ခေတ်မီနည်းပညာဒစ်ဂျစ်တယ်စနစ် (Digital Collection) များဖြင့် ထိန်းသိမ်းထားနိုင်သည့် စွမ်းရည်ရှိလာပါပြီ။

**(၇) ဒစ်ဂျစ်တယ်ခေတ်ကို စာအုပ်စာပေမှ ပြောင်းလဲခြင်း (Adaptation to Digital Transformation)**

ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များ၏ စာကြည့်တိုက်များသည် နည်းပညာအသစ်များကို လက်ခံကျင့်သုံးရန် ထိပ်ဆုံးကခေါင်းဆောင်သဖွယ်ဖြစ်ပြီး အီလက်ထရောနစ်စာအုပ် (e-books)၊ အွန်လိုင်းဂျာနယ် (Online Journals)၊ စာဖတ်ကိရိယာပုံစံတူ (Virtual Reality Tools) စသည်တို့ကို စာကြည့်တိုက်များမှ စတင်ခဲ့ပါသည်။ စာကြည့်တိုက်များက ဒစ်ဂျစ်တယ်ပညာရေး (Digital Literacy Training) ကို သင်တန်းပေးနိုင်ပါသည်။

**(၈) ပညာရပ်ဆိုင်ရာအသုံးပြုခွင့်နှင့် သာတူညီမျှရှိခြင်း (Equity and Accessibility)**

စာကြည့်တိုက်များက ကျောင်းသား/ကျောင်းသူ၊ ကျား/မ လူတန်းစားမရွေး အခွင့်အရေးတူညီစွာ ရပါသည်။ မသန်စွမ်းသူများအတွက်လည်း သီးသန့်အခွင့်အရေးပေးထားပါသည်။

**(၉) မိမိသက်ဆိုင်သော အရပ်အဝန်းအလိုက် ကွန်ရက်သဖွယ် ချိတ်ဆက်ပေးခြင်း (Community and Networking)**

စာကြည့်တိုက်များက အသိဉာဏ်ပညာဖလှယ်မှု (Intellectual Exchange)၊ ဟောပြောပွဲ (Hosting Seminars)၊ စာအုပ်အသင်း(Book Clubs)၊ ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ (Academic Conferences) များ ချိတ်ဆက်ပေးပါသည်။ ထို့ပြင် ကျောင်းသား ကျောင်းသူအချင်းချင်း၊ သုတေသီအချင်းချင်း၊ ပညာရှင်အချင်းချင်း ချိတ်ဆက်ပေးနိုင်သော အခွင့်အလမ်း ဖန်တီးပေးပါသည်။

**(၁၀) စာကြည့်တိုက်များက တက္ကသိုလ်များ ကမ္ဘာ့အဆင့်မီရေး မြှင့်တင်ပေးခြင်း (Enhancing University Rankings)**

အဆင့်မီ၊ ခေတ်မီစာကြည့်တိုက်များ ရှိခြင်းဖြင့် တက္ကသိုလ်များဂုဏ်တက်လာပြီး ထူးချွန်ထက်မြက်သော ပညာရှင်၊ ကျောင်းသား ကျောင်းသူများ လာရောက်ရန် ဆွဲဆောင်ပေးနိုင်ပါသည်။ ထိုအခွင့်အရေးများကြောင့် တက္ကသိုလ်အဆင့်အတန်း မြင့်လာပြီး ကမ္ဘာက လေးစားရသော တက္ကသိုလ်များ ဖြစ်လာနိုင်ပါသည်။

ကျွန်တော် ဂျာမနီနိုင်ငံတွင် ပါရဂူဘွဲ့ သင်တန်းတက်စဉ်က စာကြည့်တိုက် အသုံးပြုပုံမှာ ကက်တလောက်ကို အင်တာနက်အွန်လိုင်းမှ မှာယူကြည့်၍ ကျွန်တော်နေထိုင်ရာ သီးနှံသိပ္ပံဌာန (Institute of Crop Science – ယခုတော့ အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသ ဩဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်ရေးနှင့် သီးနှံပတ်ဝန်းကျင်စနစ်ဆိုင်ရာ သုတေသနဌာန– Organic Plant Production and Agro-ecosystems Research in the Tropics and Sub-Tropics) သို့ အရောက်ပေးပို့သည့်စနစ်ဖြစ်ပါသည်။

စာကြည့်တိုက်သို့ လူကိုယ်တိုင် သွားစရာမလိုတော့ပါ။ ပညာရပ်ဆိုင်ရာဂျာနယ် (Academic Journals) များက အွန်လိုင်းက လွှဲပြောင်းပုံနှိပ်ထုတ်ယူဖတ်ရှု (Download, Print and Read) နိုင်ပါသည်။ နောက်တစ်ခုက ကက်ဆယ်တက္ကသိုလ်တွင် စာကြည့်တိုက်အဆောက်အအုံခွဲ (Branches of Kassel University Library) ပေါင်း ခုနစ်ခု ရှိပါသည်။

*စာမျက်နှာ ၇ သို့*

- **စာကြည့်တိုက်များက ရှားပါးရှေးဟောင်းစာပေများ (Rare Manuscripts)၊ သမိုင်းဝင်လက်ရေးမူ၊ လက်မှတ်ပါအထောက်အထားများ (Historical Documents)၊ ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းပစ္စည်းများ (Cultural Artifacts) ကို တာရှည်ခံအောင် ကာကွယ်ပေးထား (Preserve) သဖြင့် သုတေသနနှင့် သင်ယူရေးအတွက် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များဖြစ်**
- **အဆင့်မီ၊ ခေတ်မီစာကြည့်တိုက်များရှိခြင်းဖြင့် တက္ကသိုလ်များဂုဏ်တက်လာပြီး ထူးချွန်ထက်မြက်သော ပညာရှင်၊ ကျောင်းသား ကျောင်းသူများ လာရောက်ရန် ဆွဲဆောင်ပေးနိုင်၊ ထိုအခွင့်အရေးများကြောင့် တက္ကသိုလ်အဆင့်အတန်း မြင့်လာပြီး ကမ္ဘာက လေးစားရသောတက္ကသိုလ်များ ဖြစ်လာနိုင်**

# ၂၀၂၅ ခုနှစ် မတ်လ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ကချင်ပြည်နယ်တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၆ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၈ ဒီဂရီဖာရင်ဟိုက်မှ ၁၀၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၂ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၄ ဒီဂရီဖာရင်ဟိုက်မှ ၆၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၆ ဒီဂရီဖာရင်ဟိုက်မှ ၇၇ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၃၇ ရာခိုင်နှုန်းမှ ၄၉ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း) တို့တွင် ၆၁ ရာခိုင်နှုန်းမှ ၇၁ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်း အသီးသီး ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၄၂ မီလီမီတာမှ ၅၃ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၄ မီလီမီတာမှ ၆၅ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၆၆ မီလီမီတာမှ ၇၈ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

---

*စာမျက်နှာ ၆ မှ*

ဂျာမနီနိုင်ငံတစ်နိုင်ငံလုံး ပို့ဆောင်ရေးစနစ်က အလွန်ကောင်းမွန်သဖြင့် ကက်ဆယ်စာကြည့်တိုက်ခွဲများနှင့် ဂိုတင်ဂန်တက္ကသိုလ် (Georg August University – Gottingen University) ရှိ စာကြည့်တိုက်များသို့ သွားရောက်ရာတွင် ကျွန်တော်တို့ကျောင်းသားများအား နှစ်ဝက်ရထားစီးလက်မှတ် (Semester Tickets for Students) ပေးထားသဖြင့် ကြိုက်သည့် ဒေသရထား (Regional Trains)၊ မြို့ပတ်ရထား (Tram – ဂျာမန်အခေါ် – Strassen–bahn) တက်စီးစီး ပိုက်ဆံထပ်ပေးစရာ မလိုတော့ပါ။ ဂိုတင်ဂန်တက္ကသိုလ် စာကြည့်တိုက်ကလည်း အကြီးကြီးဖြစ်ပြီး အဆောင်ငါးဆောင်၊ အထပ် ခုနစ်ထပ်ရှိပါသည်။ မြေအောက်ထပ်တွင် စာအုပ်အသစ်များထားပါသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေးတက္ကသိုလ်များအတွက် ဘာသာရပ်အသစ်များ/ ပညာရပ်အသစ်များ အကြောင်း ဆက်ဆွေးနွေးရအောင်ပါ။ ၁၉၂၄ ခုနှစ် မန္တလေးမှ စတင်ခဲ့သော စိုက်ပျိုးရေးတက္ကသိုလ် (A, B, C, D, E) ဘာသာရပ်များ (ဌာနကြီး ၅–ဌာန) မှ ထိုစဉ်က ပျဉ်းမနား (ရေဆင်း) သို့ ရောက်သောအခါ ၁၉၉၄ ခုနှစ်တွင် ပါမောက္ခ/ဌာနမှူးရှိ ဌာန နှစ်ခု ထပ်မံဖြစ်ပေါ်လာသော (H – Horticulture ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေး) နှင့် (EC – Agricultural Economics စိုက်ပျိုးစီးပွားရေးပညာ) ဌာနများ အပါအဝင် စုစုပေါင်း ဌာနကြီး ခုနစ်ခု ရှိလာပါသည်။

**(၅) ဥယျာဉ်သီးနှံ သီးနှံစိုက်ပျိုးရေးပညာဌာန (Department of Horticulture)**

ဥယျာဉ်ခြံသီးနှံဌာနကို ၁၉၆၇ ခုနှစ်တွင် (B – Agricultural Botany) စိုက်ပျိုးရေး ရုက္ခဗေဒဌာနမှ ခွဲထွက်၍ ဌာနအသစ်အနေဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်များ စိုက်ပျိုးထုတ်လုပ်ရေး ဘာသာရပ်များ သင်ကြားပေးနေပါသည်။ ဤသီးနှံ၊ အပင်များသည် အိန္ဒိယနိုင်ငံအတွက် အရေးပါသော သီးနှံများဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် တစ်နိုင်ငံလုံး စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) ၏ ၃၀ ရာခိုင်နှုန်း ထုတ်လုပ်ပေးပါသည်။

(၅–က) ထို့ကြောင့် အိန္ဒိယစိုက်ပျိုးရေး သုတေသနတက္ကသိုလ် (IARI – Indian Agricultural Research Institute) တွင် အောက်ပါအတိုင်း ဥယျာဉ်ခြံသီးနှံ အဆင့်မြင့်ကျောင်း (School of Horticultural Sciences) အောက်တွင် အောက်ပါ ဌာနကြီးများ သီးသန့်ခွဲထုတ်ထားပါသည်–

(၅–က–၁) ဟင်းသီးဟင်းရွက် သိပ္ပံဌာနကြီး (Division of Vegetable Science)

(၅–က–၂) သစ်သီးဝလံနှင့် ဥယျာဉ်ခြံနည်းပညာ ဌာနကြီး (Division of Fruits and Horticultural Technology)

(၅–က–၃) ပန်းမန်နှင့် မြေယာအလှပြုပြင်ဌာနကြီး (Division of Floriculture and Landscaping)

(၅–က–၄) ဥယျာဉ်သီးနှံများ ရိတ်သိမ်းပြီးနောက်ပိုင်း အတတ်ပညာဌာနကြီး (Divison of Post–Harvest Technology) စသည်ဖြင့် သီးသန့်ဌာနကြီး ၄ –ဌာနခွဲ၍ ဆရာ ဆရာမ၊ သုတေသနပညာရှင်များ ၇၂ ဦး (72 Scientists)အထိ သင်ကြားသုတေသနပြုနေပါသည်။

အခြားနာမည်ကြီးတက္ကသိုလ်များမှာ –

(၅–ခ) ဥယျာဉ်ခြံသီးနှံသင်ကြားရေးနှင့် သုတေသနအစီအစဉ်၊ စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင် သိပ္ပံကောလိပ်၊ ကာလီဖိုးနီးယားတက္ကသိုလ်၊ ဒေးဗစ်၊ အမေရိကန်နိုင်ငံ (Horticulture Programs, College of Agriculture and Environmental Science, UC Davis, US) ဘာသာရပ်နှင့်ဌာနအသစ်များမှာ ပတ်ဝန်းကျင်ဆိုင်ရာဥယျာဉ်ခြံသီးနှံ (Environmental Horticulture)၊ စပျစ်စိုက်ပျိုးရေးနှင့် ဝိုင်သိပ္ပံ (Viticulture and Wine Science)၊ မြေယာအလှဆင်ဗိသုကာပညာ (Landscape Architec–ture) စသည့်ဘာသာရပ်များဖြစ်ပါသည်။

(၅–ဂ) ဥယျာဉ်ခြံသီးနှံအုပ်စုကြီး၊ သီးနှံသိပ္ပံ မဟာဌာန၊ ဗာဂင်နီဂန်သုတေသနတက္ကသိုလ်၊ နယ်သာလန် (Horticulture Group, Crop Science Cluster, Wageningen University & Research, The Netherlands) ကမ္ဘာကျော်မှန်ခြံသီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး (Green House Crop Pro–duction)၊ ဥယျာဉ်ခြံသီးနှံမျိုးများ မွေးမြူထုတ်လုပ်ခြင်း (Horticultural Crops Breeding) စသည့် လုပ်ငန်းများ အောင်မြင်စွာပြုလုပ်နေပါသည်။

ကမ္ဘာ့အကြီးဆုံးပန်းလေလံပွဲ (World Biggest Flowers Auction) သည်လည်း အန်စတာဒန်နိုင်ငံ တကာလေဆိပ်အနီးတွင် နေ့စဉ် နံနက် ၅ နာရီ ပြုလုပ်ဆောင်ရွက် ရောင်းချနေပါသည်။ **(နိုင်ငံ မြေယာ စုစုပေါင်း ၆၆ ရာခိုင်နှုန်း စိုက်ပျိုးမွေးမြူနေပြီး ၂၀၂၄ ခုနှစ်တွင် ဤကဏ္ဍမှ စုစုပေါင်းဝင်ငွေ ၄၇ ဒသမ ၄ ဘီလီယံယူရို ရရှိပါသည်)။**

**(၆) စိုက်ပျိုးစီးပွားရေးပညာဌာန (Department of Agricultural Economics)**

၁၉၆၇ ခုနှစ်တွင် (A – Agriculture) စိုက်ပျိုးရေး ဌာနမှ သီးခြားခွဲထွက်ဌာနအသစ ဖြစ်ပေါ်လာပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ ဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားခြင်း (Agribusiness and Marketing)၊ စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများ (Agricultural Policy)၊ ပတ်ဝန်းကျင်ဆိုင်ရာစီးပွားရေး (Environmental Economics) စသည်ဖြင့် ဘာသာရပ်များစွာ စုံလင်လှပါသည်။

ယခင်က စီးပွားရေးတက္ကသိုလ်များတွင် စိုက်ပျိုးစီးပွားရေးပညာရှင်များ (Agricultural Economists) ရှိခဲ့သော်လည်း ယနေ့ခေတ် သင်ကြားသုတေသနပြုမှု ရှိ မရှိ မသိတော့ပါ။ ဤဘာသာရပ်က အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများ ပူးတွဲပြုလုပ်သင့်ပြီး စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်များ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ဈေးကောင်းပို့ဆောင်ပေးနိုင်သည့် နိုင်ငံခြားဝင်ငွေ (FE – Foreign Exchange) ရရှိနိုင်သည့် ဘာသာရပ်ဖြစ်ပါသည်။ ဤဘာသာရပ် သင်ကြားလျက်ရှိနေသော ကမ္ဘာ့နာမည်ကြီး တက္ကသိုလ်များမှာ –

(၆–က) စိုက်ပျိုးမွေးမြူရေးနှင့် သယံဇာတ စီးပွားရေးပညာဌာန၊ ကာလီဖိုးနီးယားတက္ကသိုလ်၊ ဘာကေးလီ၊ အမေရိကန်နိုင်ငံ (Department of Agricultural and Resources Economics, UC Berkeley, US)

စိုက်ပျိုးစီးပွားရေးနှင့် သယံဇာတမူဝါဒ (Agri–cultural and Resource Policy)၊ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီးပွားရေးပညာ (Environ–mental and Natural Resource Economics)၊ ဖွံ့ဖြိုးရေးဆိုင်ရာစီးပွားရေး (Development Eco–nomics)၊ အစားအသောက်စနစ်နှင့် ရေရှည်တည်တံ့ ဖွံ့ဖြိုးရေး (Food Systems and Sustainability)၊ ရာသီဥတုပြောင်းလဲမှုနှင့် စိုက်ပျိုးမွေးမြူရေး (Climate Change and Agriculture) စသည်တို့ကို သင်ကြားသုတေသနပြုလျက်ရှိပါသည်။

(၆–ခ) ဒိုင်ဆွန်အသုံးချစီးပွားရေးနှင့် စီမံခန့်ခွဲရေး အဆင့်မြင့်ကျောင်း၊ ကော်နယ်တက္ကသိုလ်၊ အမေရိကန်နိုင်ငံ (Charles H. Dyson School of Applied Economics and Management, Cornell University, US)

စိုက်ပျိုးရေးနှင့် အစားအသောက်ဆိုင်ရာမူဝါဒ (Agricultural and Food Policy)၊ စိုက်ပျိုးသီးနှံများ ရောင်းဝယ်ဖောက်ကားမှု (Agribusiness Management)၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီးပွားရေး (Rural Development Economics)၊ ကွင်းဆက်နှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်သွယ်ရေး (Supply Change and Trade in Agriculture)၊ ပတ်ဝန်းကျင်နှင့် စွမ်းအင်ဆိုင်ရာစီးပွားရေး (Envi–ronmental and Energy Economics) စသည်တို့ကို သင်ကြားသုတေသနပြုလျက်ရှိပါသည်။

(၆–ဂ) စိုက်ပျိုးမွေးမြူရေးမူဝါဒ ဖွံ့ဖြိုးရေး အဆင့်မြင့်ကျောင်း၊ ရက်ဒင်းတက္ကသိုလ်၊ ယူကေနိုင်ငံ (School of Agriculture, Policy and Deve–lopment, University of Reading, UK)

စိုက်ပျိုးမွေးမြူရေးနှင့် အစားအစာဆိုင်ရာ စီးပွားရေး (Agricultural and Food Economics)၊ စိုက်ပျိုးရေးထုတ်ကုန်များကုန်သွယ်မှု (Agribusi–ness and Trade)၊ ရာသီဥတုပြောင်းလဲမှုနှင့် စိုက်ပျိုးမွေးမြူရေး (Climate Change and Agri–culture)၊ ကျေးလက်နှင့် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ (Rural and Environmental policy)၊ ရေရှည်တည်တံ့ခိုင်မြဲသောအစားအစာစနစ် (Sustainable Food Systems) စသည်တို့ကို သင်ကြားသုတေသနပြုလျက်ရှိပါသည်။

(၆–ဃ) စိုက်ပျိုးမွေးမြူရေးနှင့် အစားအစာဆိုင်ရာအဆင့်မြင့်ကျောင်း၊ မဲလ်ဘုန်းတက္ကသိုလ်၊ ဩစတြေးလျနိုင်ငံ (School of Agriculture and Food, University of Melbourne, Australia)

စိုက်ပျိုးစီးပွားရေးဆိုင်ရာပြဿနာများ စိစစ်သုံးသပ်ခြင်း (Agricultural Market Analysis)၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စီးပွားရေးပညာနှင့် စိုက်ပျိုးမွေးမြူရေး (Climate Change Economics in Agriculture)၊ အစားအစာဘေးကင်းလုံခြုံမှုဆိုင်ရာမူဝါဒများ (Food Security and Policy)၊ အရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ စီးပွားရေးပညာ (Resource and Environmental Econo–mics) စသည်တို့ကို သင်ကြားသုတေသနပြုလျက်ရှိပါသည်။ **(ဆက်ပါဦးမည်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကလောခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးတို့၌ လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကလောခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်စစ်ဆေးသည်။**(ယာပုံ)**

ဦးစွာ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရုံးစာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှု၊ ရာဂီမုန်တိုင်းဒဏ်ကြောင့် ရေကြီးနစ်မြုပ် ပျက်စီးဆုံးရှုံးသွားသည့် ရုံးအဆောက်အအုံများ၊ ရုံးခြံစည်းရိုးများ ပြန်လည်ပြင်ဆင်ထားရှိမှု၊ ပျက်စီးသွားသည့် ရုံးစာရွက်စာတမ်း၊ ပရိဘောဂပစ္စည်းများ ပြန်လည်ပြုပြင်ထားရှိမှု၊ မှတ်တမ်းခန်းအတွင်း ရေစိုပျက်စီးသွားသည့် မှတ်တမ်းများ ပြန်လည်ဆယ်တင်ဆောင်ရွက်ထားမှု၊ နေပြည်တော်ရုံးချုပ်ရှိ e-ID Server အတွင်းရှိ နိုင်-၄နှင့် အိမ်ထောင်စုလူဦးရေစာရင်း အချက်အလက်များ ပြန်လည်စိစစ်အတည်ပြု ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးနှင့် မီးဘေးအန္တရာယ်တို့သည် မျှော်မှန်း၍မရသည့်အတွက် ကြိုတင်ပြင်ဆင်မှုများ၊ သရုပ်ပြလေ့ကျင့်မှုများ စနစ်တကျ ဆောင်ရွက်ထားရှိရန်နှင့် မှတ်တမ်းမှတ်ရာများကို နည်းပညာအသုံးပြုထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရန် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး လေးမျက်နှာမြို့နယ် ခတ္တူ-ခုံကြီး-ခြောက်ဆယ်-ရိုးကြီး တံတား တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ခမောက်စု ကျေးရွာသို့ သွားရောက်၍ တောင်သူ ဦးသန်းမြင့်၏ ပီလောပီနံ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း၌ ပီလောပီနံများ ရေဆေးသန့်စင်ကြိတ်ခွဲခြင်း၊ အခြောက်လှန်းခြင်း လုပ်ငန်းများကို ကြည့်ရှုအားပေးသည်။

ဧရာဝတီ တိုင်းဒေသကြီး အတွင်း ပီလောပီနံ ၃၇၄၂၉ ဧက စိုက်ပျိုးထားရာ ဟင်္သာတ၊ လေးမျက်နှာ၊ ကျုံပျော်မြို့နယ်များ၌ ၂၈၀၆၄ ဧက စိုက်ပျိုးကြပြီး ၎င်းတို့အနက် သမဝါယမစနစ်ဖြင့် စိုက်ပျိုးသော ၂၁၉၁ ဧကကို တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ပံ့ပိုးပေးထားကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရှမ်းရွာကျေးရွာသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကျေးရွာတွင်းလျှပ်စစ်မီး သွယ်တန်းရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လေးမျက်နှာမြို့နယ် ခတ္တူကျေးရွာ၌ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ရန်ပုံငွေ၊ ပြည်သူ ထည့်ဝင်ငွေတို့ဖြင့် ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးခဲ့သော ခတ္တူကြိုးတံတား ၁၆၅ ပေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ခတ္တူ-ခုံကြီး-ခြောက်ဆယ်-ရိုးကြီးလမ်းပေါ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူ တည်ဆောက်ပေးခဲ့သော သံကူကွန်ကရစ်တံတား ပေ ၂၂၀ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း(ဝဲပုံ)၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးမည့် ခတ္တူ-ခုံကြီး-ခြောက်ဆယ် - ရိုးကြီးလမ်း သုံးဖာလုံ ကျောက်ချောခင်းခြင်း လုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သက္ကရာဇ် ၄၂၀ ပြည့်နှစ်၌ ပုဂံပြည့်ရှင်အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော သမိုင်းဝင် စတုမုခ ထူပါရုံစေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကန်တော့၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးနေသော ဝေနမြစ်ကမ်းထိန်းလုပ်ငန်းများကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ လေးမျက်နှာမြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ သွားရောက်ပြီး ဆရာတော်အား ဖူးမြော်ကန်တော့၍ ကျောင်းသားများအတွက် အလှူငွေနှင့် ဆန်ဆီတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့်သက်မွေးပညာသင်တန်းစင်တာ၌ သင်တန်း ၂၂ ကြိမ် ဖွင့်လှစ်သင်ကြားပေး

**နေပြည်တော် မတ် ၂၃**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသို့ ရောက်ရှိစစ်ဆေးသည်။

ဦးစွာ လုံခြုံရေး အဆောက်အအုံ၊ မီးစက်တည်ဆောက်ထားရှိမှုနှင့် မီးစက်တပ်ဆင်ထားရှိမှု၊ ရေလှောင်ကန် ရေယိုစိမ့်မှုကို ပြုပြင်ဆောင်ရွက် ပြီးစီးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက်စင်တာရှိဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့်အညီ လိုက်နာနေထိုင်ကြရန်၊ သင်တန်းစင်တာသည် မဲခေါင် - လန်ချန်း ရန်ပုံငွေဖြင့် တည်ဆောက်၍ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများအတွက် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေခြင်း ဖြစ်၍ ဝန်ထမ်းများက စံနမူနာပြ ဦးဆောင်၍ သင်တန်းသား သင်တန်းသူများ စည်းကမ်းတကျ နေထိုင်ပြုမူတတ်ရေးကို လေ့ကျင့်သင်ကြားပေးရန်၊ နေ့စဉ်အသုံးစရိတ်ကို စိစစ်သုံးစွဲရန်၊ စင်တာရှိ ဌာနပိုင်ပစ္စည်းများ ပျောက်ဆုံးပျက်စီးမှု မရှိစေရေးအတွက် စာရင်း / ဇယားဖြင့် ပြုစုပြီး မှတ်တမ်းထားရှိရန် မှာကြား၍ ဝန်ထမ်းများ၏အထွေထွေဆွေးနွေး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။**(အောက်ဝဲပုံ)**

ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသည် သက်မွေးပညာသင်တန်းများကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ရှစ်ကြိမ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ၁၆ ကြိမ် စုစုပေါင်း သင်တန်း ၂၂ ကြိမ် ဖွင့်လှစ် သင်ကြားပေးနိုင်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၄၄၀ ကို သက်မွေးပညာသင်တန်းများ သင်ကြားပေးနိုင်ခဲ့ကာ ၎င်းသင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ရပ်ရွာဒေသတွင် သက်မွေးပညာရပ်များ ပြန်လည်အသုံးချနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## (၂၃.၃.၂၀၂၅)ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၅၈၀,၀၀၀) ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# သမဝါယမအသင်းများက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နှမ်းစပါးစိုက်ပျိုးထားရှိ

**ညောင်လေးပင် မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ နှမ်းစပါးစိုက်ပျိုးသည့် သမဝါယမအသင်းများ၏ နှမ်းစပါးစိုက်ဧက ၅၀၅ ဧကအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးငွေရယူပြီး တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုးနှင့်သွင်းအားစုများကို မြို့နယ်သမဝါယမ အသင်းစုမှတစ်ဆင့် ပံ့ပိုးဆောင်ရွက်ခဲ့သည်။

၎င်းနှမ်းစပါးစိုက်ကေများအနက် ရဲနွယ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင်လယ်တွင် စိုက်ပျိုးထားသည့် စိုက်ပျိုးကေ ၁၄၉ ဧက၏ နှမ်းစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို မြို့နယ်သမဝါယမ ဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **သတင်းစဉ်**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**

**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# နှစ် (၈၀) ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်



နေပြည်တော် မတ် ၂၃

နှစ် (၈၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြ စစ်ကြောင်းများမှ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၊ တပ်မတော် (ကြည်း) အမျိုးသမီးစစ်ရေးပြ တပ်ခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမျိုးသမီး စစ်ရေးပြတပ်ခွဲတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

အဆိုပါ နှစ် (၈၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြ စစ်ကြောင်းများမှ ဘုရားဖူးလာ စစ်ရေးပြ စစ်ကြောင်းများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာ ကြည့်ရှုကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော် ကြည်ညိုကြသည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြ စစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရသည်။

"မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာဆိုရင် ဂန္ဓကုဋိတိုက်၊ ကျောက်စာရုံနဲ့ ရေပန်းကို သွားရောက်လေ့လာခဲ့ပါတယ်။ အခုလို ပင်ပန်းနွမ်းနယ်နေတဲ့ ကြားကနေပြီးတော့ ကျွန်တော်တို့ ဗဟုသုတ တိုးပွားအောင်လို့ သွားရောက် လည်ပတ်ဖြစ်အောင် လိုက်လံပို့ဆောင်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့တကွ တာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ယခု နှစ် (၈၀) ပြည့် တပ်မတော်နေ့မှတိုင် နောင်နှစ်ပေါင်း များစွာတိုင်အောင် တပ်မတော်ကြီး အဓွန့်ရှည်တည်တံ့ပါစေ"ဟု တပ်မတော် (ရေ)မှ အရာရှိ တစ်ဦးက ပြောကြားသည်။

"အခုလိုမျိုး ကမ္ဘာပေါ်မှာ အကြီးမားဆုံး ထိုင်တော်မူ ကျောက်ဆစ်ဘုရားကို လာဖူးရတဲ့အတွက်ကြောင့် ပထမဆုံးအနေနဲ့ ဖူးရတာဆိုတော့ မြန်မာနိုင်ငံအတွက်လည်း အလွန်ဂုဏ်ယူမိတယ်။ ဗဟုသုတတွေလည်း အများကြီးရတယ်။ နှစ်(၈၀) ပြည့် တပ်မတော်နေ့မှာ ပါဝင်ခွင့်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အခုလိုမျိုး လေ့လာရေးခရီးတွေ ပို့ဆောင်ပေးတဲ့ အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု အမျိုးသမီးစစ်ရေးပြ တပ်ခွဲမှ စစ်သမီးတစ်ဦးက ပြောပြသည်။

"ကျွန်တော်တို့က အောင်ဆန်းစစ်ကြောင်း အဖွဲ့ကဖြစ်ပြီးတော့ ကျွန်တော်တို့ မာရဝိဇယ ဘုရားကိုလာပြီး ဖူးတာပါ။ ဘုရားက အလွန်သပ္ပာယ်ပြီးတော့ ကြည်ညိုဖို့လည်း ကောင်းပါတယ်။ ကျွန်တော်တို့ အားလုံးပီတိလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို တကူးတက အခုလိုမျိုး လေ့လာရေးခရီးအနေနဲ့ အမှတ်တရတွေ၊ ကျွန်တော်တို့ရဲ့ ဗုဒ္ဓနဲ့ဆိုင်တဲ့ စာပေကျမ်းဂန်တွေကို လေ့လာခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ နှစ် (၈၀) ပြည့် တပ်မတော်နေ့မှသည် နောက်လာမယ့်နှစ် ဆက်တိုင်းဆက်တိုင်း၊ တပ်မတော်နေ့ရက် တိုင်းမှာ တည်တံ့ ခိုင်မာပြီးတော့ အင်အား တောင့်တင်းတဲ့ တပ်မတော်ကြီး ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်" ဟု မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စစ်ရေးပြ တပ်ခွဲမှ ရဲတပ်ဖွဲ့ဝင် တစ်ဦးက ဖြေကြားသည်။

**သတင်းစဉ်**







# တောင်ကြီးမြို့ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း စတင်ကပ်လှူခြင်းနှင့် ရွှေဆိုင်းများ ပေးအပ်လှူဒါန်း



နေပြည်တော် မတ် ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း စတင်ကပ်လှူခြင်းနှင့် ရွှေဆိုင်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းထက်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက နိုင်ငံတော် ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရှမ်းပြည်နယ် သံဃနာယကဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စေတီတော်တွင် ဆက်ကပ်လှူဒါန်းမည့် ရွှေဆိုင်းများကို လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြပြီး ရွှေဆိုင်းများအား စေတီတော်သို့ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့နယ်၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မော်လမြိုင် မတ် ၂၃

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ပြည်သူများ စာဖတ်သည့် အလေ့အထကောင်းများ ရှိလာစေရန်နှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များကို လက်တွေ့အသုံးချစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စာအုပ်စာစောင်များနှင့် စာကြည့်တိုက်ဆိုင်ရာအချက်အလက်များကို ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်မှူးများထံ ပေးအပ်ပြီး သင်တန်းနည်းပြများအဖြစ် မော်လမြိုင်ခရိုင်ရုံးမှ တာဝန်ရှိသူများက သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးနှင့် လက်ထောက်စာကြည့်တိုက်မှူး ၂၀ တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ကယားပြည်နယ်၌ ၂၀၂၅ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ



**လွိုင်ကော် မတ် ၂၃**

ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ် လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းစီစဉ်မှုဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကို ယနေ့နံနက်က ပြည်နယ်ကရာတေးအားကစားရုံ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ယခုသင်တန်းကို နွေရာသီကျောင်းပိတ်ရက်ကာလများတွင် လူငယ်များ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် အသိပညာဗဟုသုတတိုးပွားစေရန်၊ တိုင်းပြည်နှင့်လူမျိုးကို တန်ဖိုးထားချစ်ခင်တတ်သည့်စိတ်များ ဖြစ်ပေါ်လာစေရန် ဟူသောရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ လူငယ်နှင့် အားကစားသည် ခွဲခြား၍မရသည့်အရာဖြစ်ကြောင်း၊ သင်တန်းဆင်း လူငယ်မောင်မယ်များသည် ယခုအခြေခံအားကစားသင်တန်း အဆင့်တွင် ကျေနပ်မနေဘဲ မိမိဝါသနာပါသည့် အားကစားနည်းအလိုက် စနစ်တကျပိုမိုလေ့လာလိုက်စား၍ နိုင်ငံတော်က အားကိုးအားထားပြုရသော ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများဖြစ်ရန် ကြိုးပမ်းဆောင်ရွက်သွားလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပေးအပ်သည်။

ဆက်လက်၍ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း သင်တန်းသား သင်တန်းသူများက အေရိုးဗစ်အက၊ တိုက်ကွမ်ဒို သင်တန်းသား သင်တန်းသူများ၏ Basic Movement ၊ ပြည်နယ်လက်ရွေးစင်မလူစီယာ၏ ပြိုင်ပွဲဝင်ကကွက်နှင့် Three In One ကကွက် ဘောလုံးအားကစားနည်း သရုပ်ပြခြင်း၊ ဂျူဒိုသင်တန်းသားသင်တန်းသူများ၏ သရုပ်ပြဖျော်ဖြေခြင်း၊ လွိုင်ကော်ပညာရေး ဒီဂရီကောလိပ်သင်တန်းသား သင်တန်းသူများက Fitness Dance အကများဖြင့် သရုပ်ပြဖျော်ဖြေကြသည်။

ဆက်လက်၍ ဖျော်ဖြေခဲ့သည့် အဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ Gym အားကစားခန်းမနှင့် အားကစားလေ့ကျင့်ရေးပစ္စည်းများကို ပြန်လည်ပြုပြင်ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန်းမအတွင်း လိုက်လံကြည့်ရှုကာ လိုအပ်ချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်း၌ အားကစားနည်း ၁၀ မျိုးဖြင့် သင်တန်းသား သင်တန်းသူ ၅၀၀ တို့ကို အခြေခံအားကစားနည်းစနစ်များ စနစ်တကျလေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြည်မြို့နယ်အတွင်း လယ်ယာကဏ္ဍ အဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပြည် မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့က ပြည်မြို့နယ်အတွင်း လယ်ယာကဏ္ဍ အဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် ကြို့ရပ်သာကျေးရွာ၌ ဦးအောင်ဇင်မင်း A One Engineering Group မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လူမောင်းနှင်ရွှေ့ပြောင်းနိုင်သည့် စပါးနှင့်ပဲခြွေလှေ့စက် တည်ဆောက်နေမှုနှင့် လက်တွေ့စမ်းသပ်မောင်းနှင်မှုတို့ကို ကြည့်ရှုအားပေးပြီး တောင်သူတစ်ပိုင်တစ်နိုင် လယ်ယာသုံးစက်ကိရိယာများ ဘက်စုံထုတ်လုပ်သွားရန်နှင့် လိုအပ်သည်များ ပံ့ပိုးပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် တွင်းဖြည်းကျေးရွာအုပ်စု၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုကို ကွင်းဆင်း ကြည့်ရှုအားပေးပြီး စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေး ကြိုးပမ်းရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့ မှော်စာကျေးရွာ၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ရေလှျံတွင်း ၂၀ တူးဖော်ပေးခဲ့မှုကြောင့် ကြက်သွန်နီ တစ်ကွင်းတစ်ဆက်တည်း ဧက ၂၀၀ စိုက်ပျိုး အောင်မြင်နေမှုကို ကွင်းဆင်း ကြည့်ရှုအားပေးပြီး လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ တောင်ဘက်စောင်းတန်းတွင် စက်လှေကားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့ ခေတ္တရာရောပန်းဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်မည့်နေရာ၊ ဘူးခါးချောင်း ရေဆိုးထုတ်မြောင်း ပြန်လည်တူးဖော်နေမှု၊ ကမ်းနားလမ်း တိုးချဲ့ဆောင်ရွက်မည့်နေရာ၊ လူကူးတံတား တည်ဆောက်မည့်နေရာနှင့် View Point တည်ဆောက်မည့်နေရာတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ အခြေခံပညာ ဆရာ ဆရာမများ ပညာရေးနှင့် သင်ပြနည်းဒီပလိုမာသင်တန်းဖွင့်ပွဲကျင်းပ

**ကော့သောင်း မတ် ၂၃**

ကော့သောင်းခရိုင် ပညာရေးမှူးရုံးက ကြီးမှူးဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ ပညာရေးနှင့်သင်ပြနည်း ဒီပလိုမာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားအား သင်တန်းနည်းပြ ဆရာ ဆရာမများက "တို့တာဝန်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးသည်။(**အောက်ပုံ**)

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ယခုဖွင့်လှစ်သည့်သင်တန်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ဆရာ ဆရာမများ၏ ပညာရေးနှင့် သင်ပြနည်းပညာဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေးအတွက် ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း၊ အခြေခံပညာကျောင်းအသီးသီး၏ နွေရာသီကျောင်းပိတ်ရက်ရက်ရှည်ကာလအတွင်း စာမေးပွဲလုပ်ငန်းများ၊ ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများနှင့် ဌာနတွင်း သီးခြားတာဝန်ပေးမှုလုပ်ငန်းများကိုပါ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည့်အတွက် ဆရာ ဆရာမများ၏ ကြိုးပမ်းအားထုတ်မှုများကို အသိမှတ်ပြုဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ကော့သောင်းမြို့နယ် အခြေခံပညာ ဆရာဆရာမများ ပညာရေးနှင့် သင်ပြနည်းဒီပလိုမာသင်တန်းအတွက် ချီးမြှင့်ငွေပေးအပ်သည်။

အဆိုပါ အခြေခံပညာ ဆရာ ဆရာမများ ပညာရေးနှင့် သင်ပြနည်းဒီပလိုမာသင်တန်းကို မတ် ၂၄ ရက်မှ မေ ၃၀ ရက်အထိ အထက(ခွဲ)အလက(၂) ကျောင်း၌ သင်တန်းဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၉ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ညောင်တုန်းမြို့နယ်၌ နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုန်ထုတ်လမ်းဖွင့်



**ညောင်တုန်း မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဥတိုကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးကျော်က အဆိုပါကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးသည့်အတွက် ကျေးရွာ ၁၂ ရွာရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများက လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းကြရန်လိုကြောင်း ပြောကြားခဲ့ပြီး ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ရီရီမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဇော်လွင်၊ အတွင်းရေးမှူး ရဲမှူး စိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ (**ဝဲပုံ**)

အဆိုပါ ကျေးရွာကုန်ထုတ်လမ်းမှာ အရှည်ပေ ၇၇၀၀၊ အကျယ် ၁၂ ပေနှင့် ဒ ကိုးလက်မရှိသည့် မြေရောကျောက်ခင်းလမ်းအမျိုးအစားဖြစ်ပြီး ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီအစည်းအဝေး ကျင်းပ



**နေပြည်တော် မတ် ၂၃**
မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီအစည်းအဝေး (၂/၂၀၂၅)ကို ယမန်နေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။(**ယာပုံ**)

အစည်းအဝေးတွင် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီနည်းဥပဒေကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီအစည်းအဝေး (၁/၂၀၂၅)တွင် ဆုံးဖြတ်ချက်ရှစ်ခုအား ချမှတ်နိုင်ခဲ့ပါကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီအနေဖြင့် မူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားခြင်းများအတွက် ဆုံးဖြတ်ခြင်းများအပေါ် အယူခံမှုများကို လက်ခံဆောင်ရွက်ရမည်ဖြစ်သဖြင့် အဖွဲ့ဝင်များအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ရန် လိုအပ်ပါကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီအစည်းအဝေးများကို နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုံမှန်ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အေဂျင်စီ၏ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် အကြံပြုချက်များ တင်ပြဆွေးနွေးပေးရန် လိုအပ်ပါကြောင်း။

မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အယူခံစစ်ဆေးရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန်နှင့် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန်တို့အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (SOP) များအား အေဂျင်စီနည်းဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အေဂျင်စီအနေဖြင့် ဥပဒေ၊ နည်းဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီက တာဝန်ပေးအပ်သော လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အေဂျင်စီအဖွဲ့ဝင်များ၊ မူပိုင်ခွင့်ပညာရှင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကော့သောင်းမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီး



**ကော့သောင်း မတ် ၂၃**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကော့သောင်းမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပါချန်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်း တည်နေရာများကို တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းမြို့နယ် အေးချမ်းသာကျေးရွာအနီး ပါချန်မြစ်ကမ်းပြိုကာကွယ်ရေး အလျား ပေ ၄၀၀ ဘိုးပိုင်အခြေပြု သံကူကွန်ကရစ် မြေထိန်းနံရံဆောင်ရွက်မှုလုပ်ငန်း၊ ဆိပ်ဖူးကျေးရွာအနီး အလျား ပေ ၃၅၀ စီရှိ ဘိုးပိုင်အခြေပြုသံကူကွန်ကရစ်မြေထိန်းနံရံအပိုင်း(၁)၊ အပိုင်း(၂) ဆောင်ရွက်မှုလုပ်ငန်း၊ ဖော့သုတ်ကျေးရွာအနီး အလျား ပေ ၃၀၀ ရှိ ဘိုးပိုင်အခြေပြု သံကူကွန်ကရစ်မြေထိန်းနံရံ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် ကော့သောင်းမြို့နယ် ထုံပရိကျေးရွာနှင့် ဆိပ်ဖူးကျေးရွာများအနီး ပါချန်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း တည်နေရာများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျောက်တန်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လွှဲပြောင်းပေးအပ်



**ကျောက်တန်း မတ် ၂၃**
ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ကျွန်းကလေးကျေးရွာ၌ မြစိမ်းရောင်(ငါးကဏ္ဍ) အတိုးရငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာကွန်ကရစ်လမ်းအား အဆိုပါကျေးရွာသို့ လွှဲပြောင်းပေးအပ်ခြင်းကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်နိုင်နှင့် ဝန်ထမ်းများ၊ ကျွန်းကလေးကျေးရွာ မြစိမ်းရောင် (ငါးကဏ္ဍ)ကော်မတီအဖွဲ့ တာဝန်ရှိသူများက ကွန်ကရစ်လမ်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာတာဝန်ရှိသူများထံ စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အဆိုပါ ဆောင်ရွက်ပြီးစီး၍ လွှဲပြောင်းခဲ့သည့် လမ်းအရှည် ပေ ၈၀၀၊ အကျယ် ခြောက်ပေ၊ ဒု ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းကို မြစိမ်းရောင် (ငါးကဏ္ဍ) အတိုးရ ငွေကျပ်သိန်း ၂၀၀ ဖြင့် မတ်လဆန်းမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ထွန်း (ကျောက်တန်း)**

# ပြည်ခရိုင်အတွင်း မီးခိုးမြူငွေ့ လျှော့ချနိုင်ရေး ကွင်းဆင်းစစ်ဆေး

**ပြည် မတ် ၂၃**
ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင်အတွင်းရှိ ပြည်မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်တို့၌ မီးခိုးမြူငွေ့လျှော့ချနိုင်ရေး ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းကို ပြည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရိုင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် မတ် ၂၁ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် ဒေသခံပြည်သူများအား တောင်ယာခုတ်ထွင်မီးရှို့ခြင်းနှင့် ရိုးပြတ်များမီးရှို့ခြင်းတို့ကို မပြုလုပ်ရန် အသိပညာပေးဆွေးနွေးခြင်းနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။
(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်းလျော့နည်းခြင်း။
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးခေါင်းစဉ်ဖြင့် အသိပညာပေး

**ရန်ကုန် မတ် ၂၃**
ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးနှင့် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ဗဟန်း) တို့ ပူးပေါင်း၍ မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေး အားလုံးပူးပေါင်းပါဝင်ပေးခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာန (ဗဟန်း)၌ ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြတ်သွယ်နှင့် အနောက်ပိုင်းခရိုင်(ဗဟန်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်တို့က မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာရပ်များနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ကာကွယ်နိုင်သည့် နည်းလမ်းများကို ဆွေးနွေးခဲ့သည်။ **အောင်မြင့်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ဒက္ခိဏသီရိမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မတ် ၂၃**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ငန်းဆောင်ရွက်နေသည့် City Park အမည်ဖြင့် အဆောက်အအုံများဆောက်လုပ်၍ နှစ်တို၊ နှစ်ရှည်ငှားရမ်းခြင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ City Park မန်နေဂျာ ဒေါ်သင်းထွဋ်သီတာက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့ဝင်များသည် Myanmar Secure Group Co., Ltd. မှတာဝန်ယူဆောင်ရွက်နေသည့် Jewellery E-commerce Zone Online Market ကျောက်မျက်ရတနာအရောင်းအဝယ်ထုတ်လုပ်ခြင်း၊ ကျောက်မျက်အရိုင်းတုံးများနှင့် အချောထည်များကို အွန်လိုင်းစနစ်ဖြင့် ပြည်တွင်း ပြည်ပသို့ ရောင်းချခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စက်ရုံအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတကာအဆင့်မီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ၏ ဆိုလာစနစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ တပ်ဆင်အသုံးပြုမှုအခြေအနေများ၊ ပတ်ဝန်းကျင်သာယာလှပရေး ဆောင်ရွက်မှု၊ ရေဆိုးသန့်စင်ခြင်းစနစ် ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုအားပေးကာ နေပြည်တော်ကောင်စီဝင်က ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားသားတည်းခိုသူများအတွက် Form – C ကို ညွှန်ကြားချက်နှင့်အညီ မပျက်မကွက် တင်ပြဆောင်ရွက်ရန်၊ ပြည်တွင်း ပြည်ပ တည်းခိုနေထိုင်သူများ၏ လုံခြုံရေး၊ အဆောက်အအုံလုံခြုံရေးကို အလေးထားဆောင်ရွက်ရန်၊ ဧည့်စာရင်းတိုင်ကြားမှုစနစ် (GLIS) တွင် ဧည့်သည်စာရင်း ဖြည့်သွင်းခြင်းကို ပုံမှန်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် တိုင်းဒေသကြီးအဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပ

**ပဲခူး မတ် ၂၃**

အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် အဓိကမကူးစက်နိုင်သောရောဂါများ၊ နှလုံးနှင့် နှလုံးသွေးကြောရောဂါကာကွယ်ခြင်းနှင့် အခြေခံကုထုံးလမ်းညွှန် တိုင်းဒေသကြီးအဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)ဒေါက်တာကျော်ကံကောင်းက တိုင်းဒေသကြီး၌ ယနေ့အထိ မြို့နယ်ပေါင်း ၂၈ မြို့နယ်၌ NCD clinic ပေါင်း ၉၈၃ ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင် Screening လူနာပေါင်း ၅၀၄၆၃၇ ဦး၊ ဆီးချိုလူနာပေါင်း ၅၇၁၈၁ ဦး၊ သွေးတိုးရောဂါရှိသူပေါင်း ၉၇၄၀၉ ဦး၊ နှလုံးနှင့် သွေးတိုးရောဂါ CVD Risk ရှိသူ ၆၆၉၀၇ ဦး တွေ့ရှိခဲ့ကြောင်း၊ ယခုဆရာဖြစ်သင်တန်းတက်ရောက်လာကြသူများသည် မြို့နယ်အဆင့်ဆရာဖြစ်သင်တန်းဆောင်ရွက်သည့်အခါတွင် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့မြို့နယ်များအတွင်း မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြရန်အတွက် သင်တန်းအချိန်များအတွင်း သေချာလေ့လာသင်ယူကြစေလိုကြောင်း အမှာစကား ပြောကြားသည်။



သင်တန်းသို့ တိုင်းဒေသကြီးရှိ မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၈၁ ဦး တက်ရောက်ကာ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သက်ထက်

## နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု ကျေးရွာကုန်ထုတ်လမ်းဖွင့်

**အင်္ဂပူ မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ အမှတ်(၄)ရပ်ကွက် ကံဒေါင့်ကျေးရွာ၌ နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာကုန်ထုတ်လမ်းဖွင့်ပွဲကို မတ် ၂၁ ရက်က ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်တင်အောင်၊ အင်္ဂပူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က ကျေးရွာကုန်ထုတ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ ကံဒေါင့်ကျေးရွာကုန်ထုတ်လမ်း အရှည် ၁/၆ ဒသမ ၁မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၂ သန်းဖြင့် ချောင်းကျောက်လမ်းခင်းခြင်း ဆောင်ရွက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် ပန်းချီသင်တန်းဆင်းပွဲကျင်းပ

**တောင်ငူ မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နွေရာသီ အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် ပန်းချီသင်တန်းဆင်းပွဲအခမ်းအနားကို တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ မတ် ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။



ထိုသို့ကျင်းပရာတွင် တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ဆွေဆွေမိုးက သင်တန်းဆင်း အမှာစကား ပြောကြားပြီး အခြေခံအင်္ဂလိပ်စာသင်တန်းမှ ကျောင်းသား ကျောင်းသူများက အဖွဲ့လိုက်နှင့် တစ်ဦးချင်း အင်္ဂလိပ်စကားပြော တတ်မြောက်မှု စွမ်းရည်ပြသသည်။ ထို့နောက် တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အခြေခံအင်္ဂလိပ်ဘာသာစကား သင်တန်းနည်းပြဆရာ ဦးသန့်ဇင် (Free Lancer)နှင့် ဦးစောဂျရှန်း (Sweet Family ကိုယ်ပိုင်အထက်တန်းကျောင်းတာဝန်ခံ)၊ အခြေခံပန်းချီသင်တန်းနည်းပြဆရာ မြို့နယ်ပန်းချီ ပန်းပုအစည်းအရုံးနာယက ပန်းချီဆရာ ဦးစိုးမြင့်လေး (တောင်ငူ) တို့က ပန်းချီပြိုင်ပွဲ၌ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု တစ်ဆု၊ နှစ်သိမ့်ဆု နှစ်ဆု ရရှိသူများအား ဆုများပေးအပ်ပြီး အဖွဲ့လိုက်နှင့် တစ်ဦးချင်း အင်္ဂလိပ်စကားပြောတတ်မြောက်မှု စွမ်းရည်ပြသသည့် ကျောင်းသား ကျောင်းသူများ၊ သင်တန်းနည်းပြ ဆရာများအား လက်ဆောင်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို မတ် ၃ ရက်မှ ၂၁ ရက်အထိ အခမဲ့ သင်ကြားပို့ချခဲ့ခြင်းဖြစ်ပြီး အခြေခံအင်္ဂလိပ်စကားပြောသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၆၁ ဦး၊ အခြေခံ ပန်းချီသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရမည်းသင်းခရိုင်၌ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်း

**ရမည်းသင်း မတ် ၂၃**

ရမည်းသင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်မျိုးက အရည်အသွေးပြည့်ဝသည့် ကျောင်းသားလူငယ်များ ပေါ်ထွက်လာစေရန် နွေရာသီအားလပ်ရက်များတွင် ပြိုင်ပွဲများ၊ သင်တန်းများ အခမဲ့စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အဆင့်လိုက်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကာ သင်တန်းနည်းပြဆရာများအား လက်ဆောင်များ ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



## ကျောင်းကုန်းမြို့၌ စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြှိမ်းသတ်ရေး သရုပ်ပြ



**ကျောင်းကုန်း မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် ရန်ကုန်-ပုသိမ် အဝေးပြေးကားလမ်းဘေးရှိ စက်သုံးဆီဆိုင်၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ရေး သရုပ်ပြခြင်းကို ယမန်နေ့က ပြုလုပ်သည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် အရန်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး မီးသတ်ဆေးဘူးများ စနစ်တကျထားရှိမှု၊ မီးသတ်ဆေးရည်များ ဖြည့်တင်းထားရှိမှုတို့ကို စစ်ဆေးပြီး လက်တွေ့မီးငြှိမ်းသတ်ရေး သရုပ်ပြခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



**နေပြည်တော် မတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးမှ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၆၀ ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မတ် ၂၃**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာမှအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်း ဆောင်ရွက်လျက်ရှိရာ မြဝတီမြို့-မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၆၀ ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်ပေးမှုကို ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၈၂၀၂ ဦးကို စစ်ဆေး ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၁၄၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၀၅၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရေး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

အာရှဖလား တတိယအဆင့်ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ ကစားခြင်းမရှိဘဲ မြန်မာယူ-၂၂အသင်း၊ MNL All Stars အသင်းတို့နှင့်သာ ကွင်းပိတ်ခြေစမ်းကစားထားသည်။

မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ဆက်လက်ကိုင်တွယ်နေပြီး လက်ရှိတွင် ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားသည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုးသမား - ဇင်ညီညီအောင် (ဒဂုံစတား)၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ နေလင်းထက် (ဟံသာဝတီ)၊ နောက်တန်း-နန္ဒကျော်၊ သက်ဟိန်းစိုး၊ ဟိန်းဖြိုးဝင်း၊ ဖွဲခန့်မင်း(ရှမ်းယူနိုက်တက်)၊ သီဟထက်အောင် (ဒဂုံစတား)၊ ဟိန်းဇေယျာလင်း(ရန်ကုန်ယူနိုက်တက်)၊ ကျော်သီဟဇော် (အား/ကာ သိပ္ပံ)၊ စိုးမိုးကျော်(အုထိုင်းထာနီ-ထိုင်း)၊ အလယ်တန်း-လွင်မိုးအောင်(ရရောင်း-ထိုင်း)၊ ကျော်မင်းဦး (PDRM-မလေးရှား)၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင် (ရန်ကုန်ယူနိုက်တက်)၊ မင်းမော်ဦး (သစ္စာအားမာန်)၊ အောင်နိုင်ဝင်း (ရခိုင်ယူနိုက်တက်)၊ မြတ်ကောင်းခန့်၊ ခွန်ကျော်ဇင်ဟိန်း၊ ရဲရင့်အောင် (ရှမ်းယူနိုက်တက်)၊ သီဟဇော် (နာဂါဝေါ-ကမ္ဘောဒီးယား)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ-ထိုင်း)၊ ဟိန်းထက်အောင် (နီဂျီရီဆီဘမ်လန်-မလေးရှား)၊ ရှေ့တန်း-သန်းပိုင် (ကန်ချာနာဘူရီ-ထိုင်း)၊ အောင်ကောင်းမာန်(ဖရေးယူနိုက်တက်-ထိုင်း)နှင့် ပြည်မိုး(ရတနာပုံ)တို့ ပါဝင်ကြသည်။

အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို လေးသင်းခြောက်အုပ်စုခွဲ၍ ၂၀၂၅ ခုနှစ် မတ်လမှ ၂၀၂၆ ခုနှစ် မတ်လအထိ တစ်နှစ်ကြာကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့သည် မတ် ၂၅ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**


**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**


❍ *ကျောဖုံးမှ*

လေးဦး(စိစစ်ဆဲ)သည် ဆိုင်အတွင်း ဝင်ရောက်လာပြီး ၎င်းတို့လေးဦးအနက် တစ်ဦးက သေနတ်အတို တစ်လက်အား ကိုင်ဆောင်ကာ သေနတ်ပြခြိမ်းခြောက်ပြီး မှန်ကောင်တာအတွင်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ ၂၀ ကျပ်သားခန့် (တန်ဖိုးငွေကျပ်သိန်း ၁၂၀၀ ခန့်) အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သတင်းအရ ပန်းဘဲတန်းမြို့မရဲစခန်း၌ (ပ)၃၉/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူ တရားခံများအား ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများ ရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ အခင်းဖြစ် ပတ်ဝန်းကျင်ရှိ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုယက်မှုကျူးလွန်သူ တရားခံများသည် YGN-42 AA-1938 နံပါတ်တပ်ဆင်ထားသည့် Toyota Corolla အမျိုးအစား အဖြူရောင် အငှားယာဉ်ဖြင့် ပန်းဆိုးတန်း လမ်းဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသဖြင့် အဆိုပါ အငှားယာဉ်အား စုံစမ်းရှာဖွေခဲ့ရာ နံနက် ၁၁ နာရီတွင် လမ်းမတော်မြို့နယ် အမှတ်(၂)ရပ်ကွက် ဝါးတန်းလမ်းနှင့် အနော်ရထာလမ်းဆုံတွင် ယာဉ်နှင့်အတူ ယာဉ်မောင်းဖြစ်သူ စည်သူကျော်(၄၃)နှစ်အား တွေ့ရှိရသဖြင့် သက်ဆိုင်ရာသို့ ထိန်းသိမ်းခေါ်ယူစစ်ဆေးခဲ့သည်။

ယာဉ်မောင်းဖြစ်သူ စည်သူကျော်၏ ထွက်ဆိုချက်အရ ၎င်းသည် လုယက်မှုကျူးလွန်သူ တရားခံများအား ကျောက်တံတားမြို့နယ် အမှတ်(၉)ရပ်ကွက် ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော် လမ်းဆုံသို့ ငွေကျပ် ၄၀၀၀ ဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဆက်လက် စုံစမ်းစစ်ဆေးခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၇)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်း အမှတ်(၁၁၄/၁၁၆)ရှိ Casa Myanmar Hotel အခန်းအမှတ်(၃၀၁)၌ တိတ်ရှိန်ရွှေဆိုင်အား လုယက်မှုကျူးလွန်သူ တရားခံများဖြစ်ကြသည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပတ္တမြားရပ်ကွက်နေ လင်းသန့်အောင်(၁၈)နှစ် (ဘ) ဦးသိန်းထွန်း၊ သထုံမြို့နယ် ပေါ်တော်မူကျေးရွာနေ သက်ထူးဇင်(၂၀)နှစ် (ဘ)ဦးအောင်မျိုးဆက်၊ ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ ကောင်းခန့်သူရ(ခ)ဝသုန် (၁၉) နှစ် (ဘ) ဦးကျော်သူရ၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စစ်ဗိုလ်ကြီးကျေးရွာနေ မင်းခန့်ကို(ခ)ဖိုးကာ (၁၉)နှစ် (ဘ)ဦးနိုင်ထူးတို့ လေးဦးအား လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အနက်ရောင် ကော်သေနတ်တစ်လက်၊ သံဖြတ်လွှသုံးချောင်း၊ လုယက်ယူဆောင်ရာမှရရှိသည့် ရွှေလက်ကောက်မျိုးစုံ ၅၁ ကွင်း၊ ရွှေလက်စွပ်မျိုးစုံ ၃၇ ကွင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံ လင်းသန့်အောင်ပါ လေးဦးအား ဆက်လက် စစ်ဆေးချက်အရ ၎င်းတို့လေးဦးသည် မတ် ၂၀ ရက်တွင် Casa Myanmar Hotel သို့ ရောက်ရှိတည်းခိုခဲ့ပြီး ငွေကြေးလိုအပ်ချက်အရ မဟာဗန္ဓုလလမ်းပေါ်ရှိ ရွှေဆိုင်များအား လုယက်မှုကျူးလွန်ရန်အတွက် လိုက်လံ၍ အခြေအနေကြည့်ရှုခဲ့ကြကြောင်း၊ ထိုသို့ ကြည့်ရှုပြီးနောက် တိတ်ရှိန်ရွှေဆိုင်အား လုယက်မှုကျူးလွန်ရန် ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လုယက်ရာတွင် အသုံးပြုခဲ့သည့် အနက်ရောင် ကော်သေနတ်အား ဆူးလေဘုရားအနီး မဟာဗန္ဓုလလမ်းပေါ်ရှိ စတိုးဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းနှင့် လုယက်မှုကျူးလွန်ရာတွင် တရားခံ လင်းသန့်အောင်မှ အဆိုပါ ကော်သေနတ်အား ကိုင်ဆောင်အသုံးပြုကာ ဦးဆောင်၍ လုယက်မှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် တိတ်ရှိန်ရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်မှု ကျူးလွန်ခဲ့သူများဖြစ်သည့် လင်းသန့်အောင်၊ ကောင်းခန့်သူရ(ခ)ဝသုန်၊ မင်းခန့်ကို(ခ) ဖိုးကာနှင့် သက်ထူးဇင်တို့ လေးဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖြစ်စဉ်ဖြစ်ပွားသည့် အချိန်မှ ၆ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

ဆာဘယ်လင်ကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဆာဘယ်လင်ကာသည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် အင်ဒီးယန်းဝဲလ်စ် အိုးပင်းပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ပြီး ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့သည်။

ဆာဘယ်လင်ကာသည် မိုင်ယာမီအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် အမေရိကန်တင်းနစ်မယ် ဒန်နီရယ်လီ ကောလင်းစ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ ၎င်းသည် ၃၂ ဦးအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် ရေဗကာမာဆာရိုဗာနှင့် တွေ့ဆုံခဲ့ပြီး ၆-၄၊ ၃-၆၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦး အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဆာဘယ်လင်ကာ နှင့်အတူ မိုင်ယာမီအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦး အဆင့်သို့ ရှောင်၊ ကိုကိုဂေါ့ဖ်၊ အိုဆာကာ စသည့်နာမည်ကြီးများ တက်လှမ်းနိုင်ခဲ့သည်။ **အောင်ဇော်**

## ဟာဝိုင်အီ၊ ဂူအမ်၊ ဖိလစ်ပိုင်နှင့် ဂျပန်သို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး သွားရောက်မည်

**တိုကျို မတ် ၂၃**

အမေရိကန် ကာကွယ်ရေးဝန်ကြီး ပီးသ်ဟက်ဆက်သ်သည် ဂျပန်နိုင်ငံ အီဝိုဂျီမာ (အီအိုတိုကျွန်း) တွင် ကျင်းပမည့် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးသွားသော စစ်သည်များ အတွက် အောက်မေ့ဖွယ် အခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း ထုတ်ပြန်သည်။




ဟက်ဆက်သ် ပထမဆုံး တရားဝင်ခရီးစဉ်အဖြစ် လာမည့် သီတင်းပတ် အစောပိုင်းတွင် ဟာဝိုင်အီ၊ ဂူအမ်၊ ဖိလစ်ပိုင်နှင့် ဂျပန်သို့ ခရီးထွက်ခွာမည်ဖြစ်ကြောင်း ပင်တဂွန်က မတ် ၂၁ ရက်တွင် ကြေညာသည်။

ထုတ်ပြန်ချက်အရ ၎င်းသည် ဂျပန်နိုင်ငံတွင် အီဝိုဂျီမာတိုက်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနား တက်ရောက်ပြီးနောက် ဂျပန်နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဖြစ်သည်။ ၁၉၄၅ ခုနှစ် စစ်ပွဲကာလအဆုံးပိုင်းတွင် ပစိဖိတ်ကျွန်းပေါ်၌ ဂျပန်စစ်သား ၂၁၉၀၀ ခန့်နှင့် အမေရိကန် စစ်မှုထမ်း ၆၈၀၀ ခန့် ကျဆုံးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အီရန်၊ ဆော်ဒီနှင့် အီဂျစ်တို့ ဂါဇာကမ်းမြောင်အရေး ဆွေးနွေး

**တီဟီရန် မတ် ၂၃**

ဂါဇာကမ်းမြောင်ဒေသအား အစ္စရေး၏ ပြန်လည်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေးရက်ဒ် အာဘတ်စ် အာရာဂ်ချီနှင့် ဆော်ဒီအာရေဗျနှင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးများသည် မတ် ၂၂ ရက်က အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်ဘင်ဖာဟန်အယ်လ်ဆက်ဒ်နှင့် ဖုန်းပြောဆိုမှုတွင် အာရာဂ်ချီက ဂါဇာတွင် အစ္စရေး၏ တိုက်ခိုက်မှုများကို ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့ပြီး ဒေသတွင်းရှိ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် အခြားနိုင်ငံများကို တိုက်တွန်းကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ဆော်ဒီအာရေဗျကလည်း အစ္စရေးတို့၏ ရန်စမှုများကို ရှုတ်ချကြောင်း ထပ်မံအတည်ပြုခဲ့ပြီး ပဋိပက္ခများ ထပ်မံတိုးမြင့်လာမှုကို တားဆီးရန်အတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို အလေးပေးကြောင်း ဖိုင်ဆယ်က ဆိုသည်။ အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဘာဒါ အဗ္ဗဒဲလက်တီနှင့် သီးခြားဖုန်းခေါ်ဆိုမှုတွင် အာရာဂ်ချီက အစ္စရေး၏ ဂါဇာကမ်းမြောင်အပေါ် ပြန်လည်တိုက်ခိုက်မှုများအပြင် ပါလက်စတိုင်းကမ်းရိုးတန်းဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့မှုကို ဟန့်တားခြင်းကိုလည်း ရှုတ်ချခဲ့သည်။

အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက ပဋိပက္ခများ ထပ်မံတိုးမြင့်လာမှုကို တားဆီးရန် ညှိနှိုင်းဆွေးနွေးမှုများနှင့် သံတမန်ရေးရာ ကြိုးပမ်းမှုများ လိုအပ်ကြောင်း အလေးအနက်တိုက်တွန်းခဲ့ပြီး အီဂျစ်နှင့် အီရန်ဝန်ကြီးနှစ်ဦးစလုံးကလည်း ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲများကို ဆက်လက်လုပ်ဆောင်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

## ရက်များစွာ ဖမ်းဆီးပြီးနောက် ယီမင်အလံတင်သင်္ဘောကို ဆိုမာလီပင်လယ်ဓားပြများ ပြန်လွှတ်ပေး

**မိုဂါဒစ်ရှူး မတ် ၂၃**

ဆိုမာလီပင်လယ်ဓားပြများသည် ဆိုမာလီယာကမ်းလွန်တွင် မတ် ၁၆ ရက်က ဖမ်းဆီးထိန်းသိမ်းထားသော ယီမင်အလံတင်ငါးဖမ်းသင်္ဘောတစ်စင်းကို ပြန်လွှတ်ပေးကြောင်း ဥရောပသမဂ္ဂရေတပ် (EUNAVFOR) က မတ် ၂၁ ရက်တွင် အတည်ပြုပြောသည်။

ဥရောပသမဂ္ဂရေတပ်အတ္တလန္တာ၏ ဖော်ပြချက်အရ ဆိုမာလီယာနိုင်ငံမြောက်ပိုင်း အီးရယ်လ်ဆိပ်ကမ်းမြို့အနီး ဒေါ်ဒေါ်ရာကမ်းလွန်တွင် အယ်ဟီဒယာသင်္ဘောကို ဖမ်းဆီးထိန်းသိမ်းထားခဲ့ခြင်း ဖြစ်သည်။ သင်္ဘောပေါ်ပါရှိသည့် အမှုထမ်းရှစ်ဦးမှာ ဘေးအန္တရာယ်ကင်းသည်ဟု ဥရောပသမဂ္ဂရေတပ်က ပြောသည်။

အဆိုပါဖြစ်ရပ်မှာ ယီမင်ငါးဖမ်းသင်္ဘောအပါအဝင် ပင်လယ်ဓားပြမှုနှင့်ဆက်စပ်သော တတိယမြောက်ဖြစ်စဉ် ဖြစ်သည်။ ဥရောပသမဂ္ဂရေတပ်က ဒေသတွင်းရေကြောင်းလုံခြုံရေးနှင့် လွတ်လပ်စွာသွားလာခွင့်ကို ခြိမ်းခြောက်သည့် ဖြစ်ရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ဒေသတွင်းနှင့် နိုင်ငံတကာရေကြောင်းလုံခြုံရေးမိတ်ဖက်များနှင့်အတူ ၎င်းတို့၏ စဉ်ဆက်မပြတ်စစ်ဆင်ရေး လှုပ်ရှားဆောင်ရွက်မှုများမှာ အရေးကြီးကြောင်း အလေးပေးပြောသည်။

ပင်လယ်ဓားပြမှုများ ပြန်လည်မြင့်တက်လာမှုသည် သင်္ဘောဖြင့် ကုန်ပစ္စည်းပို့ဆောင်ရေးကဏ္ဍကို ထိခိုက်စေကြောင်း သိရသည်။

**ဆင်ဟွာ**

## တောင်ကိုရီးယားနိုင်ငံ၌ တောမီးလောင်မှုကြောင့် လေးဦး သေဆုံး

**ဆိုးလ် မတ် ၂၃**

တောင်ကိုရီးယားနိုင်ငံ နေရာအများအပြားတွင် မတ် ၂၁ ရက်က စတင်ခဲ့သည့် တောမီးအကြီးအကျယ် လောင်မှုများကြောင့် မီးသတ်သမားများ အပါအဝင် လေးဦးသေဆုံးကာ ခြောက်ဦး ဒဏ်ရာရသဖြင့် မတ် ၂၂ ရက်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာထားကြောင်း ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီးဌာနက ပြောကြားသည်။




တောင်ကိုရီးယား နိုင်ငံအရှေ့တောင်ပိုင်းရှိ တောင်ဂယောင်းဆန်း ပြည်နယ်တွင် လောင်သည့် တောမီးကို မီးသတ်သမားများက ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ယွန်ဟတ်ပ်သတင်းအေဂျင်စီက ဖော်ပြသည်။ မီးလောင်မှုကြောင့် ရာနှင့်ချီသော ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မတ် ၂၂ ရက်တွင် ကိုရီးယားသစ်တောဌာနက ထိခိုက်မှုအများဆုံး ဒေသများ၌ အမျိုးသားအရေးပေါ် သတိပေးချက် အမြင့်ဆုံးအဆင့် ထုတ်ပြန်ထားသည်။

တောင်ဂယောင်းဆန်း ပြည်နယ်၊ မြောက်ဂယောင်းဆန်း ပြည်နယ်နှင့် အူလ်ဆန်မြို့တို့တွင် မီးလောင်မှုများကို အမြန်ထိန်းချုပ်ရေး အရှိန်မြှင့်လုပ်ဆောင်ရန် အာဏာပိုင်များက ညွှန်ကြားထားသည်။

**ဆင်ဟွာ**

## ဆိုမာလီ အနောက်တောင်ပိုင်းတွင် ကုန်တင်လေယာဉ်ပျက်ကျမှုကြောင့် ငါးဦးသေဆုံး

**မိုဂါဒစ်ရှူး မတ် ၂၃**

ဆိုမာလီယာနိုင်ငံ အနောက်တောင်ပိုင်း၌ မတ် ၂၂ ရက်ညနေပိုင်းက ကုန်တင်လေယာဉ် တစ်စင်း ပျက်ကျခဲ့ရာ ငါးဦးသေဆုံးခဲ့သည်ဟု ဆိုမာလီ လေကြောင်းအာဏာပိုင်အဖွဲ့က အတည်ပြုခဲ့သည်။ ဒီအိတ်ချ်စီ-၅ဒီ ဘတ်ဖဲလိုး လေယာဉ်သည် မိုဂါဒစ်ရှူးမြို့ အနောက်တောင်ဘက် ၂၄ ကီလိုမီတာအကွာ၌ ညနေ ၅နာရီ ၄၃ မိနစ်က ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဆိုမာလီ ပြည်သူ့လေကြောင်း အာဏာပိုင်အဖွဲ့က ပြောသည်။ လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် ငါးဦးစလုံး သေဆုံးသွားကြောင်း ဆိုမာလီလေကြောင်း အာဏာပိုင်အဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ကင်ညာ အခြေစိုက် ထရီဒန့်လေကြောင်းကုမ္ပဏီမှ လည်ပတ်သည့် အဆိုပါ လေယာဉ်သည် ဆိုမာလီယာ အနောက်တောင်ပိုင်းရှိ နယ်စပ်မြို့ ဒိုဘလီမှ မိုဂါဒစ်ရှူးရှိ အေဒင်အဗ္ဗဒူလာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ထွက်ခွာလာခြင်းဖြစ်သည်။



လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ဆိုမာလီလေကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်ခဲ့ခြင်းမရှိချေ။ လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးပြီးနောက် နောက်ထပ် အသေးစိတ်အချက်အလက်များကို ထပ်မံဖော်ပြသွားမည်ဟု ဆိုမာလီလေကြောင်း အာဏာပိုင်အဖွဲ့က ပြောသည်။

**ဆင်ဟွာ**

## ဂါဇာဒေသအတွက် အာရပ်အစီအစဉ်ကို ဗြိတိန် ကြိုဆို

**လန်ဒန် မတ် ၂၃**

ဂါဇာဒေသနှင့်ပတ်သက်၍ အာရပ်အစီအစဉ်ကို ကြိုဆိုကြောင်း ဗြိတိန်ဝန်ကြီးချုပ် ကီရာစတာမားက ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ ၂ နှင့် မတ် ၂၂ ရက်က ဖုန်းဖြင့်ဆွေးနွေးစဉ် ပြောကြားခဲ့သည်။ ဂါဇာဒေသအတွက် ဂျော်ဒန်နိုင်ငံ၏ ဦးဆောင်မှုနှင့် နိုင်ငံရေးအဖြေတစ်ခုရရှိရန် ကြိုးပမ်းမှုများအတွက် ကျေးဇူးတင်ကြောင်း စတာမားက ပြောသည်။

ထို့ပြင် ဂါဇာဒေသပြန်လည်တည်ဆောက်ရေး အစီအစဉ်အတွက် ဂျော်ဒန်နှင့် ၎င်း၏ဒေသတွင်းမိတ်ဖက်နိုင်ငံများ၏ ကြိုးပမ်းအားထုတ်မှုအတွက်လည်း မှတ်ချက်ချပြောဆိုခဲ့သည်။ ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ကင်းမဲ့နေသည့်အပေါ် စိုးရိမ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်က ပြောသည်။ ဖုန်းခေါ်ဆိုဆွေးနွေးစဉ်အတွင်း ဗြိတိန်နိုင်ငံသည် ဂျော်ဒန်နိုင်ငံအတွက် ခိုင်မာသည့်မိတ်ဖက်နိုင်ငံဖြစ်ကြောင်း စတာမားက ပြောသည်။

မတ် ၄ ရက်က အာရပ်ခေါင်းဆောင်များသည် ဂါဇာဒေသပြန်လည်တည်ဆောက်ရေးအတွက် အီဂျစ်နိုင်ငံ၏အစီအစဉ်ကို ထောက်ခံခဲ့ကြသည်။ အဆိုပါအစီအစဉ်သည် အမေရိကန်ဒေါ်လာ ၅၃ ဘီလီယံ ကုန်ကျမည်ဟု ခန့်မှန်းထားပြီး ပါလက်စတိုင်းများကို အခြားဒေသသို့ ပြောင်းရွှေ့ခြင်းပြုမည်မဟုတ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ပျဉ်းမနားမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ နဝမအကြိမ်မြောက် သဒ္ဓမ္မပါလစာမေးပွဲ စာအောင်ဆုနှင်း



**နေပြည်တော် မတ် ၂၃**

နေပြည်တော် ပျဉ်းမနားမြို့နယ် သံဃနာယက အဖွဲ့က ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ နဝမအကြိမ်မြောက် သဒ္ဓမ္မပါလ စာမေးပွဲ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက အုန်းတောပရိယတ္တိစာသင်တိုက် မဟာအာရုံခံတော်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုသလ အရှင်သူမြတ်ထံမှ ဒြေ့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ မဟာခမ္မိကာရာမ အုန်းတောကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိဿအရှင်သူမြတ်ထံမှ ဩဝါဒခံယူသည်။

ဆက်လက်၍ ဆရာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းနှင့် နဝမအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သဒ္ဓမ္မပါလ စာမေးပွဲစာအောင် သံဃာတော်များအား စာအောင်ဆုများနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည်။

ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ နဝမအကြိမ်မြောက် သဒ္ဓမ္မပါလစာမေးပွဲတွင် ပထမကြီးတန်း ၁၄ ပါး၊ ပထမလတ်တန်း ၃၁ ပါး၊ ပထမငယ်တန်း ၂၁ ပါးနှင့် အခြေပြုမူလတန်း ၃၈ ပါး စုစုပေါင်း ၁၀၄ ပါးတို့အား စာအောင်ဆုများနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

# လွိုင်လင်မြို့နယ်၌ သဘာဝဘေးဒဏ်သင့်ကျေးရွာအတွက် မြေနေရာချထားရေး ကျင်းပ

**လွိုင်လင် မတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၌ သဘာဝဘေးဒဏ်သင့် ခေါက်နွဲ့ကျေးရွာအုပ်စု အိမ်ခစ်ကျေးရွာ မြေနေရာချထားရေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျေးရွာသစ်တည်ဆောက်မည့် ပန်ပိုးကျေးရွာအုပ်စု (ကွင်းပြင်ပ) မြေနေရာ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကြည်မြင့်က အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်းက ရာဂီမုန်တိုင်း အရှိန်ကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လူနေအိမ်များ ပြိုကျပျက်စီးခြင်း၊ လူ့အသက်များ ဆုံးရှုံးခြင်းများ ဖြစ်ပွားခဲ့ပြီး အဆိုပါကျေးရွာတွင် ဆက်လက်နေထိုင်ရန် မသင့်တော့သည့်အတွက် ကျေးရွာသစ်တည်ဆောက်ရန် မြေနေရာရှာဖွေကာ စနစ်တကျ အကွက်ရိုက်ပြီး မဲနှိုက်၍ စီမံဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။



အခမ်းအနားတွင် ခေါက်နွဲ့ကျေးရွာအုပ်စု အိမ်ခစ်ကျေးရွာမှ နေအိမ် ၁၆၀ အတွက် လွိုင်လင်မြို့နယ် ပန်ပိုးကျေးရွာအုပ်စု နောက်ဟူး-နောင်တောင်း-ပန်ပိုး(မြို့ရှောင်လမ်း) ဘေးတွင် ပေ ၆၀ - ပေ ၄၀ ရှိ မြေကွက် ၁၆၀ ဆောင်ရွက်ထားကြောင်းနှင့် ကျေးရွာဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးခန်း၊ ကျေးရွာဈေး၊ စာကြည့်တိုက်၊ အားကစားကွင်း၊ ပန်းခြံ၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အစရှိသည်တို့ကို စီမံအကွက်ချဆောင်ရွက်ထားကြောင်း သိရသည်။

**လွိုင်လင်မိုး**



သာယာဝတီမြို့နယ်၌ ကျောင်းသား ကျောင်းသူလေးများအား နွေရာသီအားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိအောင် အသုံးချတတ်စေရန်နှင့် ယဉ်ကျေးလိမ္မာစွာ ပြောဆိုဆက်ဆံတတ်စေရန်ရည်ရွယ်၍ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို ဇေဒင်ကုန်းရပ်ကွက် သရက်တောကျောင်းတိုက်၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ မတ် ၂၃ ရက်က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးစဉ်။ သန့်ဇော် (ပြန်/ဆက်)

# ညောင်ရွှေမြို့၌ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကျင်းပ

**ညောင်ရွှေ မတ် ၂၃**

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး အထောက်အကူပြုစေရန် ရည်ရွယ်၍ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။



အခမ်းအနားတွင် ညောင်ရွှေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကား ပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်မွန်ဦးက မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က နှစ်သက်မြတ်နိုးဖွယ်ရာ မြန်မာ့သနပ်ခါး သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး ထပ်အိမ်ဂူဂီတ ပဒေသာအဖွဲ့ လှပျိုဖြူလေးများက မြန်မာ့သနပ်ခါး တေးသရုပ်ဖော်ဖြင့် တင်ဆက်ကပြခဲ့ကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ကျောင်းသူလေးများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များက မြန်မာ့သနပ်ခါးသွေးခြင်း၊ လိမ်းခြယ်ခြင်းတို့ကို ပျော်ရွှင်စွာ စုပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**



မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ အပူဒဏ်အန္တရာယ် တားဆီးကာကွယ်ရေးနှိုးဆော်ချက် မြေစိုက်နံရံကပ်ဘုတ် စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို မတ် ၂၀ ရက်က ဆင်ပေါင်ဝဲမြို့ ပြည်သူ့ဆေးရုံအပြင်နှင့်မြို့မဈေးအတွင်း၊ အပြင်တို့တွင် ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ ဒေသခံပြည်သူများအား လက်ဝယ်အရောက်ဖြန့်ဝေစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆွေးနွေး

**ရန်ကုန် မတ် ၂၃**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)နှင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး ဆွေးနွေးဟောပြောပွဲကို မတ် ၁၉ ရက်က အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းနှင့် မြို့နယ်ဦးစီးအရာရှိဒေါ်ခင်နှင်းကြည်တို့က မေးမြန်းဆွေးနွေးသူများအဖြစ် ဆောင်ရွက်၍ အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ - တောင်တွင်းကြီး) က ဆွေးနွေးဟောပြောသည်။

**ဉာဏ်လင်း**




■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောက်စိမ်းများ၊ ရေယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရွှေမဲဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် မတ် ၂၃**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် ၁၈ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း အမျိုး ၃၀၊ လူသုံးကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၅၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck ငါးစီး၊ Nissan Condor Truck သုံးစီး၊ Golden Truck နှစ်စီး၊ Nidi Truck တစ်စီး၊ Win Myanmar Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Hino Truck တစ်စီး၊ Pyay Truck တစ်စီး၊ Hin Thar Truck တစ်စီး၊ Done Feng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၀၅၆၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ကျောက်ဖြူတောင်ကျေးရွာအနီး၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၇ မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၉၁၀၈၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus တစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၃၉၁၀၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၄၇၇၉၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော အရွယ်စုံကျောက်တုံး ကီလိုဂရမ် ၁၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mazda Bongo Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း ထုံးဘိုလမ်းခွဲအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၃၆၇၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ စက်မှုဇုန်ထုတ် Aung Soe Tin Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း စဥ့်ကိုင်ဘီးခွန်ကောက်ခံရေးဂိတ်အနီး၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၈၂၅၇၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Foton Auman Tractor Head နှစ်စီး၊ Howo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၇၆၅၀၁၉၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့အထွက် (၄) မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တန့်ယန်းမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၂၆၈၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၈၂၆၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၇၇၈၆၉၂) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV.MCL-8 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၈၇၄၅၆) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၇၇၆၆၁၄၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၇၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈၆၇၁၈၉၃၈)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ရရှိသည့်အခွန်အခများ၊ တရားဝင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်းဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ဝမ်းတွင်းနှင့် ကျိုင်းတုံမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၃**



ကျာစောနှင့် ကျကျိုးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် ညနေ ၆ နာရီခွဲတွင် ဝမ်းတွင်းမြို့နယ် ခါးတက်ကုန်းကျေးရွာအုပ်စု ဒါးဟတ်ကျေးရွာအနီး၌ ပြည့်ဖြိုးဝင်း (ခ) အာပူတူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ (တစ်ပြားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၂၀) ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် မတ် ၂၂ ရက် ည ၈ နာရီတွင် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ပန်ဟုန်းကျေးရွာအနီး၌ ကျာစောမောင်းနှင်ပြီး ကျကျိုးလိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ၄၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၂၀) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဝမ်းတွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

**ဝမ်းတွင်း မတ် ၂၃**



ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်နှင်းမွှန်မွှန်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုဝင်များအား မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့် ဂတ်(စ်) မီးလောင်မှုမီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

၂၂၁

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ကော့လှိုက်ကျေးရွာ သံလွင်မြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း အပြီးသတ်ဆောင်ရွက်

**ဘားအံ မတ် ၂၃**

ကရင်ပြည်နယ်အတွင်း ယမန်နှစ်မိုးရာသီက မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေ ချောင်းရေများ မြင့်တက်မှုကြောင့် သံလွင်မြစ်ကမ်းဘေး ကော့လှိုက်ကျေးရွာ၌ မြစ်ကမ်းပြိုကျမှုများဖြစ်ပွားခဲ့ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံးက ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေ၊ ဖြည့်စွက်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်သည့် Porcupine ရေကာများပြုလုပ်ချထားခြင်းလုပ်ငန်း၊ Porcupine များ ပြုလုပ်ချထားခြင်း၊ Geo Bag အလျား ပေ ၆၀၀ ကမ်းထိန်းတမံပြုလုပ်ခြင်း၊ တစ်ဖက်ကမ်း ရေပါးသောင်မှ သဲစုပ်သောင်တူး၍ ကော့လှိုက်ကျေးရွာဘက်ကမ်းပါးများ သဲဖြည့်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးလှမိုးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းများအားလုံး ၁၀၀ ရာခိုင်နှုန်း အပြီးသတ် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ပြည်နယ်ညွှန်ကြားရေးမှူးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ထပ်မံဆောင်ရွက်မည့် Geo Bag ကမ်းထိန်းတမံလုပ်ငန်း၊ Porcupine များချထားခြင်းလုပ်ငန်း၊ ကော့လှိုက်ကျေးရွာရှေ့ တစ်ဖက်ကမ်း ရေပါးသောင်မှ သဲစုပ်သောင်တူး၍ ကော့လှိုက်ကျေးရွာဘက်ကမ်းပါးများ သဲဖြည့်ခြင်းလုပ်ငန်း၊ ရေကြောင်းရေလွှဲ Geo Bag နှင့် သဲအိတ်စီရေကာပေ ၂၀၀၊ သုံးတန်းသွားမျောရေကာ ပေ ၁၅၀ စုစုပေါင်း ပေ ၃၅၀ ဆောင်ရွက်မည့်လုပ်ငန်း၊ နှစ်အလိုက်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က မိုးရာသီမတိုင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းများကို အပြီးသတ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်ကိုယ်စားပြု အသက် ၁၈ နှစ်အောက် ဘောလုံးအားကစားသမားများ လေ့ကျင့်နေမှုအားပေး

**နေပြည်တော် မတ် ၂၃**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက် ကျီးသဲလေးထပ်ပညာရေးစင်တာဓမ္မရတနာ ကျောင်းဆောင်တွင် မတ် ၂၁ ရက်က ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲနှင့် ပါဠိပထမပြန် စာမေးပွဲများတွင် ဖြေဆိုအောင်မြင်တော်မူကြသည့် စာအောင်သံဃာနှင့် သီလရှင်များအား စာအောင်ဆုချီးမြှင့်ခြင်းနှင့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပသည်။



**ဆက်ကပ်လှူဒါန်း**

ဦးစွာ ဒက္ခိဏသီရိမြို့နယ် ဓမ္မသုရမ္မကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါယမထံမှ ကြွရောက်လာသည့် ဩ့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်သည်။ ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားကာ ဓမ္မသုရမ္မကျောင်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က စာအောင်ဆုနှင်းသဘင်အတွက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် ငွေကျပ်၂၆၅၅၀၀၀ နှင့် နဝကမ္မအလှူတော်ငွေများကို ကျီးသဲလေးထပ်ကျောင်း ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဓမ္မာစရိယ အောင်မြင်တော်မူသော သံဃာတော်ငါးပါး၊ သီလရှင် နှစ်ပါး၊ ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူသော သာမဏေ ၄၅ ပါး၊ သီလရှင် ရှစ်ပါးတို့အား စာအောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ကျီးသဲလေးထပ်ဆရာတော်မှ သာဓုအနုမောဒနာတရား ချီးမြှင့်ကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ညနေပိုင်းတွင် လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူရ၊ အဖွဲ့ဝင် ဦးဝင်းအောင်၊ ဦးခင်မောင်ထွေးတို့နှင့်အတူ လယ်ဝေးမြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်းတွင် စခန်းဝင်လေ့ကျင့်နေသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား ရှစ်မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လယ်ဝေးမြို့နယ်ကိုယ်စားပြု ဘောလုံးအားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး ဆန်၊ ဆီ၊ ငါးသေတ္တာနှင့် စည်သွတ်ဘူးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပန်းတနော်မြို့၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပန်းတနော် မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီ၊ တိုင်းဒေသကြီး ဥပဒေရေးရာ လုပ်ငန်းကော်မတီ၏ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲကို ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ မတ် ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြမာလာစိုးက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေအသိပညာများကို တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ဆွေးနွေးပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကလေးအလုပ်သမား၏ အဓိပ္ပာယ်များ၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း၊ အန္တရာယ်ရှိသည့် လုပ်ငန်း၊ အလုပ်လုပ်သော ကလေးများအား ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာဆက်သင်ယူရန်နှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ကလေးအလုပ်သမား ပပျောက်ရေးနှင့် သက်ဆိုင်သည့် ဥပဒေ ကောက်နုတ်ချက်အချို့တို့ကို ဆွေးနွေး ပြောကြားပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများကို ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေစာအုပ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# ညောင်လေးပင်မြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ညောင်လေးပင် မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ မတ် ၂၁ ရက်က မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာတက်ကြွသော လူကြီး ဘဝ သဘောတရားကို အခြေခံ၍ ကျန်းမာရေး စောင့်ရှောက်မှု ပြုလုပ်ပေးကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ စေတနာရှင်ရွှေလုပ်ငန်းရှင်အသင်း၊ မြို့မိ မြို့ဖများ တက်ရောက်ခဲ့ကြပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ စောကလျာဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ငွေကြေးကုန်ကျမှု မရှိစေဘဲ ကျန်းမာရေး တိုးတက်ကောင်းမွန်စေရေး၊ ကိုယ်လက်လှုပ်ရှားအားကစားများ ပြုလုပ်ပေးခြင်း၊ ဆီးချိုသွေးချို တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ ရောဂါများဖြစ်ပွားနေပါက ဆောလျင်စွာကုသခြင်းဖြင့် နောက်ဆက်တွဲ ဆိုးကျိုးများ မဖြစ်ပေါ်စေရေး၊ ဆောင်ရန်/ရှောင်ရန်များကို သေချာစွာ သိရှိနားလည်ပြီး သက်တမ်းစေ့နေထိုင်သွားနိုင်စေရေးတို့အတွက် လစဉ်လတိုင်း ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးလျက်ရှိပြီး ယခုအကြိမ်တွင် လူနာအဟောင်း ၁၇၄ ဦး၊ လူနာအသစ် ၁၄ ဦး စုစုပေါင်း ၁၈၈ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

နီနီဝင်း(ပြန်/ဆက်)



# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လက်ပံဂွ-သာစည် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**တွံတေး မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ နှစ်(၈၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် လက်ပံဂွ-သာစည် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက်က ကျင်းပ သည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်များ မှ ဌာနဆိုင်ရာများ တက်ရောက်ပြီး ရန်ကုန်တိုင်း ဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသက်ဇော်က စီမံကိန်း နှင့်ပတ်သက်၍ ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ရန်ကုန် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)၊ ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်၊ လက်ပံဂွကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ပံဂွ - သာစည် ကျေးရွာ ချင်းဆက် ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုစစ်ဆေး ခဲ့သည်။

**တွံတေးသား**



## ဘုတ်ပြင်းမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်းနှင့် အမာခံလမ်းပခုံးခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ဘုတ်ပြင်း မတ် ၂၃**

တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ် ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်သည် ဘုတ်ပြင်း မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးအောင်ကိုကိုနှင့် တာဝန် ရှိသူများနှင့်အတူ မတ် ၁၈ ရက်က အုန်းတော ကမ်း-နီပါး-ပါးစပ်ကုန်း-လိပ်ဥချောင်းကျေးရွာ ချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် အမာခံလမ်းပခုံးခင်းခြင်းလုပ်ငန်းကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ ကျောက်ချောလမ်းခင်းခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး မူလ ရန်ပုံငွေကျပ် သန်း ၁၉၉ ဒသမ ၅၀၀ ဖြင့် အရှည် (၀/၃)မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မ ကွန်ကရစ်လမ်းခင်းခြင်းနှင့် အမာခံလမ်း ပခုံးခင်းခြင်းလုပ်ငန်းကို ဘုတ်ပြင်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ ရာနှုန်း ပြည့် ပြီးစီးနေပြီဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၃**

အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို မတ် ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၅၀၉) စက်မှုဇုန်လမ်းမကြီးရှိ အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဦးစီးဌာန၊ တိုင်းဒေသကြီးတာဝန်ခံများနှင့် အငြင်းပွားမှု ဖြေရှင်းရေး ခုံသမာဓိကောင်စီ၊ ခုံသမာဓိအဖွဲ့များက သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်ခန်းစာများ ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်ရက် ကြာမြင့်မည်ဖြစ်သည်။ **သန်းသန်းအေး**



## ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ပန်းတနော် မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ဖွင့်လှစ် သော ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟို ဌာန ရွှေနော်သီရိခန်းမ၌ မတ် ၂၁ ရက်က လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်သည်။



ဦးစွာ ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်း သားရေးရာဝန်ကြီး ဦးစောလင်းခယ်က သင်တန်းသား သင်တန်းသူများအနေဖြင့် သင်ကြားပေးလိုက်သော ပညာရပ်များကို အကျိုးရှိစွာ အသုံးချသွားကြရန်၊ ကြိုးစား ဆောင်ရွက်သွားပါက လုပ်ငန်းရှင်များ ဖြစ်လာပြီး လက်တွေ့တွင် အကျိုးရှိစွာ အသုံးချစေရန် ပြောကြားကာ ပန်းတနော် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း က အမှာစကား ပြောကြားသည်။ ယင်းနောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်မောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်မြမာလာ စိုးက အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများဖြစ်သည့် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်နည်းပြ ဒေါ်စန္ဒာဆွေဦးတို့က လူသုံးကုန်လုပ်ငန်းသုံး ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ အကြောင်း ရှင်းလင်းပြောကြားပြီး ဘက်စုံသုံး ဆပ်ပြာ၊ မျက်နှာသစ်ဆပ်ပြာ၊ အမွှေးဆီ၊ ရေချိုးဆပ်ပြာရည်၊ ဆပ်ပြာခရင်မ်၊ ကိုယ်တိုက် ဆပ်ပြာခဲ၊ Herbal အခြေခံခေါင်းလျှော်ရည် နှင့် ကြက်ဥကျောက်ကျော၊ လေးထပ်ကျောက် ကျော ထုတ်လုပ်နည်းများကို မတ် ၂၁ ရက်မှ ၂၂ ရက်အထိ သင်တန်းသား သင်တန်းသူ ၂၀ အား စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများအား အအေးဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များ ဝေငှ

**ထန်းတပင် မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆို နေသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား အအေးဘူးများ ခေါက်ဆွဲခြောက်ထုပ်များကို မတ် ၂၀ ရက်က ဝေငှပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်က ဦးဆောင်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စီစီစိုးဦး နှင့်အဖွဲ့ဝင်များက အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေနေသော ဇီးဖြူသောင်ကျေးရွာ အထက်တန်း ကျောင်း၊ ရွာသာယာကျေးရွာ အထက်တန်းကျောင်းနှင့် ဇရပ်ကြီးကျေးရွာ အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် မိဘများ အား တည်းခိုရာနေရာသီးသီးတွင် သွားရောက်၍ အအေးဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ဝေငှပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## မြစ်သားမြို့နယ်၌ ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း သရုပ်ပြ

**မြစ်သား မတ် ၂၃**

စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှု လယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄ - ၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုး ခြင်း သရုပ်ပြပွဲကို မတ် ၂၀ ရက် က မြစ်သားမြို့နယ် ခန္တီးလေး ကျေးရွာ ကွင်းအမှတ် (၄၅၅) ဦးပိုင်အမှတ် (၃၅)ရှိ ဒေသခံ တောင်သူ ဦးရွှေမြင့်၏ လယ်မြေ ၂ ဒသမ ၂၅ ဧက အတွင်း၌ ကျင်းပ သည်။



အဆိုပါ သရုပ်ပြပွဲတွင် မြို့နယ် ဦးစီးဌာနမှူး ဦးရားကိုင်ထန်း က ကောက်စိုက်စက် အသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ကောက်စိုက်စက်ဖြင့် နွေစပါး စိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ ကျောက်ဆည်ခရိုင် စိုက်ပျိုးညှိနှိုင်း ရေးအဖွဲ့ဝင်များ၊ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်း အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းအဖွဲ့ဝင်များ၊ မြစ်သားမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြစ်သား မြို့နယ် စက်မှုလယ်ယာဦးစီး ဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာ ခြောက်ရွာမှ ဒေသခံတောင်သူများ စုစုပေါင်း ၆၀ ခန့်က လက်တွေ့ သရုပ်ပြပွဲ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကိုရီးယားသမ္မတနိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ် (SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| **E-9 (Employment Permit System- EPS) စနစ်ဖြင့် စေလွှတ်သည့် အလုပ်သမားများအတွက်** | | | |
| ၁။ | ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲကျင်းပခြင်းနှင့် ဖြေဆိုခြင်း | - Public Overseas Employment Agency (POEA) အစီအစဉ်ဖြင့် စာမေးပွဲအသစ် ကျင်းပမည့်ရက်အား POEA-EPS Facebook Page နှင့် မြန်မာ့အလင်း/ကြေးမုံသတင်းစာတို့၌ အသိပေးကြေညာခြင်း၊ | POEA<br>မြန်မာလုပ်သား |
| ၂။ | စာမေးပွဲအောင်မြင်သည့် စာရင်းကို HRD-Korea သို့ ပေးပို့ခြင်း၊ HRD-Korea မှ POEA သို့ မြန်မာအလုပ်သမားနှင့် စာချုပ်ချုပ်ဆိုနိုင်ရန် ပြန်လည်ပေးပို့ခြင်း | - ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲဖြေဆိုခြင်း၊ ဖြေဆိုအောင်မြင်သူများ၏ အမည်စာရင်းကို HRD-Korea သို့ ပေးပို့ခြင်းနှင့် ကိုရီးယားနိုင်ငံ အလုပ်ရှင်မှ ရွေးချယ်ထားသည့် အလုပ်ခေါ်စာရရှိထားသော အလုပ်သမားစာရင်းကို POEA ရုံး(ရန်ကုန်)သို့ ပြန်လည်ပေးပို့ခြင်း၊ | POEA<br>HRD Korea<br>ကိုရီးယားအလုပ်ရှင် |
| ၃။ | POEA မှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆိုခွင့်ပြုရန် တင်ပြခြင်း | - POEA မှ စာချုပ်ချုပ်ဆိုခွင့်အား စာချုပ်ချုပ်လိုသည့်ရက် မတိုင်မီ(၇) ရက်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း -<br>(က) အလုပ်ရှင်မှ ရွေးချယ်ထားသည့် အလုပ်သမားစာရင်း၊ ကိုရီးယားအလုပ်ရှင်မှ လက်မှတ်ရေးထိုးထားသည့် စာချုပ်မိတ္တူ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူ၊ ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Soft copy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့တင်ပြရန်၊(အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင် လာရောက်တင်ပြခြင်း မပြုရန်)၊<br>( ခ ) အလုပ်သမားဝန်ကြီးဌာနမှ ခွင့်ပြုထားသော အရေအတွက်အတွင်း တင်ပြရန်၊ | POEA<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၄။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်း | - POEA မှ တင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၅။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ POEA သို့ စာချုပ်ချုပ်ဆိုခွင့်နှင့် ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားနိုင်ရေး အကြောင်းကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပါက POEA ရုံး (ရန်ကုန်)၌ စာချုပ်ချုပ်ဆိုခြင်းနှင့် စာချုပ်ချုပ်ဆိုပြီးသည့် အလုပ်သမားများအတွက် ပြည်ဝင်ခွင့်ဗီဇာရရှိနိုင်ရေး ဆောင်ရွက်ခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>POEA<br>HRD Korea<br>ကိုရီးယားအလုပ်ရှင် |
| ၆။ | POEA မှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်ခွင့်အား ရက်သတ္တနှစ်ပတ်ကြိုတင်၍ အောက်ပါအချက်များနှင့်တကွ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း-<br>(က) သင်တန်းတက်ရောက်ခွင့် (၄၈ နာရီ)နှင့် OWIC ပြုလုပ်ခွင့်တင်ပြစာ၊<br>( ခ ) ဗီဇာမိတ္တူ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊<br>( ဂ ) ကိုရီးယားအလုပ်ရှင်နှင့် အလုပ်သမားသဘောတူညီမှုစာချုပ်၊ POEA နှင့် အလုပ်သမားအကြား ချုပ်ဆိုသည့် သဘောတူစာချုပ်၊ | POEA |
| ၇။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ POEA သို့ အကြောင်းပြန်ကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ POEA သို့ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>POEA |
| ၈။ | POEAမှ စေလွှတ်ခွင့်ပြုနိုင်ရေး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - OWIC ပြုလုပ်ပြီးပါက လေယာဉ်လက်မှတ်ဝယ်ယူခြင်းနှင့် စေလွှတ်ခွင့်ပြုရန် ထွက်ခွာမည့်နေ့ရက်မတိုင်မီ အနည်းဆုံး (၇) ရက်ကြိုတင်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း၊ | POEA<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၉။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ POEA နှင့် လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၁၀။ | ပြည်ပသို့စေလွှတ်ပြီးစီးမှု သတင်းပို့ခြင်း | - POEA အနေဖြင့် အလုပ်သမားများစေလွှတ်ပြီးပါက သတ်မှတ်ပေးထားသော ဇယားပုံစံအတိုင်း စာရင်းပြုစု၍ Excel Soft copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊ | POEA |
| ၁၁။ | ပြန်လည်ဝင်ရောက်မှုသတင်းပို့ခြင်း | - ပြည်ပသို့ စေလွှတ်ခဲ့သည့် အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့် အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း။ | POEA |
| **E-7-3 (သင်္ဘောကျင်းလုပ်ငန်းများအတွက် ကျွမ်းကျင်လုပ်သား) နှင့် E-10-2 (ရေလုပ်သား) အလုပ်သမားများအတွက်** | | | |
| ၁။ | မြန်မာအေဂျင်စီမှ Demand Letter ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - ကိုရီးယားနိုင်ငံ၏ အလုပ်ရှင်၊ သို့မဟုတ် အလုပ်ရှင်၏ တရားဝင်ကိုယ်စားလှယ်မှ အလုပ်သမားလိုအပ်ချက် ဖော်ပြထားသောစာ (ရုံးတံဆိပ်/Letter Head ပါရှိသည့် ကုမ္ပဏီ၏စာ၊ လက်မှတ်၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်)ကို ပူးတွဲဖော်ပြရန်လိုအပ်ပြီး ၎င်း Demand Letter အား မြန်မာအေဂျင်စီထံသို့ ပေးပို့ခြင်းနှင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ အလုပ်သမားသံအရာရှိထံသို့လည်း သတ်မှတ်စာရွက်စာတမ်းအပြည့်အစုံ မိတ္တူတစ်စုံပေးပို့ခြင်း၊<br>- မြန်မာအေဂျင်စီသည် Demand Letter အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အောက်ပါအတိုင်း တင်ပြခြင်း -<br>(က) Demand Letter တစ်စောင်လျှင် လူဦးရေ ၁၀ ဦးထက်မပိုစေရန်၊<br>( ခ ) အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရန်၊<br>( ဂ ) Demand Letter တင်ပြရာတွင် dolmigrationkorea@gmail.com သို့ တင်ပြရန် (အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက်တင်ပြခြင်း မပြုရန်)၊ | ကိုရီးယားနိုင်ငံအလုပ်ရှင်<br>မြန်မာအေဂျင်စီ |
| ၂။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားသံအရာရှိထံသို့ အကြောင်းကြားခြင်း | - Demand Letter မှန်ကန်မှု ရှိ/ မရှိ စိစစ်ပေးနိုင်ရေး ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး (အလုပ်သမား သံအရာရှိ) သို့ အကြောင်းကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၃။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း | - အလုပ်သမားသံအရာရှိမှ Demand Letter မှန်ကန်မှုရှိကြောင်း ပြန်ကြားလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် သက်ဆိုင်ရာ မြန်မာအေဂျင်စီများထံသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း၊ အေဂျင်စီမှ အလုပ်သမားစတင်စုဆောင်းခြင်းနှင့် ဗီဇာလျှောက်ထားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ<br>ကိုရီးယားအလုပ်ရှင် |
| ၄။ | မြန်မာအေဂျင်စီမှ စာချုပ်ချုပ်ဆိုခွင့်၊ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - ဗီဇာရရှိပါက မြန်မာအေဂျင်စီမှ စာချုပ်၊ သင်တန်း (၂ ရက်သာ)နှင့် OWIC ပြုလုပ်ခွင့်အား ရက်သတ္တတစ်ပတ်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း -<br>(က) Demand Letter မိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် ဗီဇာမိတ္တူ၊ ကိုရီးယားအလုပ်ရှင်-အလုပ်သမားစာချုပ်မိတ္တူများ၊ အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Soft copy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရန်။<br>( ခ ) အလုပ်ခေါ်စာတစ်စောင်လျှင် လူဦးရေ ၁၀ ဦးထက် မပိုစေရန်နှင့် တစ်လလျှင် တစ်ကြိမ်သာတင်ပြရန်၊ | မြန်မာအေဂျင်စီ |
| ၅။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ ခွင့်ပြုချက်ရယူခြင်း | - မြန်မာအေဂျင်စီမှ တင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၆။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီအား အကြောင်းပြန်ကြားခြင်း၊ | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းတက်ရောက်ခြင်း၊ OWIC ပြုလုပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်းတို့အတွက် POEA ရုံး(ရန်ကုန်) နှင့် မြန်မာအေဂျင်စီသို့ အကြောင်းကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>POEA<br>မြန်မာအေဂျင်စီ |
| ၇။ | မြန်မာအေဂျင်စီမှ အလုပ်သမားစေလွှတ်ခွင့်ရရှိရေး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့တင်ပြခြင်း | - မြန်မာအေဂျင်စီအနေဖြင့် OWIC ရရှိပြီးသည့် အလုပ်သမားများအတွက် စေလွှတ်ခွင့်အား ထွက်ခွာလိုသည့်ရက် ( - -၂၀၂၅) မှ ( - -၂၀၂၅) (ရက်သတ္တတစ်ပတ်အတွင်း)ဖော်ပြ၍ စေလွှတ်မည့် အလုပ်သမားစာရင်း၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ OWIC ကတ်မိတ္တူတို့နှင့်အတူ (Excel Soft copy) ပြုစု၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ တင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၈။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်းနှင့် မြန်မာအေဂျင်စီမှ ထွက်ခွာမည့်ရက် ပြန်လည်တင်ပြခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ခွင့်ပြုချက်ရရှိသည့် အချိန်တွင် လေယာဉ်လက်မှတ် ဝယ်ယူခြင်းဆောင်ရွက်ပြီး ထွက်ခွာမည့်ရက်ဖော်ပြ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ ပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၉။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီနှင့် လေဆိပ်တာဝန်ခံထံ အကြောင်းကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီ၊ လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်း၊<br>- သတ်မှတ်ထားသည့် နေ့ရက်အတွင်း စေလွှတ်နိုင်ခြင်းမရှိပါက စေလွှတ်ခွင့်ပြုနိုင်ရေး တင်ပြသည့်အဆင့်မှစ၍ အသစ်ထပ်မံ ပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၁၀။ | ပြည်ပသို့စေလွှတ်ပြီးစီးမှု သတင်းပို့ခြင်း | - သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် အလုပ်သမားများစေလွှတ်ပြီးပါက သတ်မှတ်ပေးထားသော ဇယားပုံစံအတိုင်း စာရင်းပြုစု၍ Excel Soft copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၁၁။ | ပြန်လည်ဝင်ရောက်မှုသတင်းပို့ခြင်း | - အေဂျင်စီမှ ပြည်ပသို့စေလွှတ်ခဲ့သည့် အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့် အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း။ | မြန်မာအေဂျင်စီ |

**မှတ်ချက်။ (၁) ၃၀-၁-၂၀၂၅ ရက်နေ့မတိုင်မီ Demand Letter တင်ပြထားသည့် မြန်မာအေဂျင်စီများအနေဖြင့် လူဦးရေ ၁၀ ဦးထက်ပိုသော Demand Letter များကို ၁၀ ဦးဖြင့် ၂၅-၃-၂၀၂၅ ရက်နေ့မှစ၍ ပြင်ဆင်တင်ပြရန်နှင့် အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရမည်။**

**(၂) ကိုရီးယားသမ္မတနိုင်ငံ၏ Demand Letter အသစ်တင်ပြခြင်းကို ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပါမည်။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
### အောင်မြေသာစံမြို့နယ်တရားရုံးတော်၌
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅

အောင်ပင်လယ်လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း
ငွေစုငွေချေးသမဝါယမအသင်းလီမိတက်
(၎င်း၏ကိုယ်စား ဦးသန်းအောင်) တရားလို
နှင့်
ဒေါ်ကြည်ငွေး တရားပြိုင်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဠာနီအရှေ့ရပ်ကွက် အကွက်(၁၉) နေ ဒေါ်ကြည်ငွေး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ အောင်ပင်လယ်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း ငွေစုငွေချေး သမဝါယမအသင်းလီမိတက် (၎င်း၏ကိုယ်စားဦးသန်းအောင်)က အသင်းထံမှချေးယူထားသောငွေ(၁၀,၇၂၇,၆၀၀/-)ကျပ်တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဧပြီလ ၄ရက် (၁၃၈၆ခုနှစ်၊ တန်ခူးလဆန်း ၇) ရက်နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မတ်လ(၁၈)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မာသီ)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
အောင်မြေသာစံမြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/16428, YUNDE 110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော် ၉/မထလ(နိုင်)၂၇၆၄၁၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/94004, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ဗိုလ်ထက် ၁၄/မအန(နိုင်)၂၇၉၁၉၇ကယာဉ်မှတ် ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )
### စစ်ကိုင်းခရိုင်တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၈ နှင့် ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၂၅

ရောဝတီဘဏ်အများနှင့်သက်ဆိုင်သော နှင့် ၁။ Traditional Land Co,Ltd.
ကုမ္ပဏီလီမိတက်(၎င်းကိုယ်စားမန်နေဂျာ ၂။ ဦးတင်မျိုးအောင်
ဒေါ်ရွှေစင်အိ) ၃။ ဒေါ်နန္ဒာအောင်
ဒီကရီအနိုင်ရသူ တရားရှုံးများ

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ နယ်မြေ(၁၃)၊ ပိုးတန်းရပ်နေထိုင်သည့် တရားရှုံးများ ဖြစ်သော ၁။ Traditional Land Co,Ltd၊ ၂။ ဦးတင်မျိုးအောင် (ဘ)ဦးစန်းမြင့်အောင်(ဒါရိုက်တာ) ၃။ ဒေါ်နန္ဒာအောင် (ဘ)ဦးတင်အောင်ရွှေ(မန်နေဂျင်းဒါရိုက်တာ)၊ (ယခုနေရပ်လိပ်စာမသိ) သူတို့ သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၈ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃ ရက် ( ၁၃၈၆ ခုနှစ် တန်ခူးလဆန်း ၆ ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေမီဝင်းနိုင်)
ဒုတိယခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး

## ကြော်ငြာစာ
### ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ )
### မုံရွာခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၄

ကွယ်လွန်သူ ဒေါ်ယဉ်ယဉ်မေ(ခ)ဒေါ်ရင်ရင်မေ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ သာစည်လမ်း၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ယဉ်ယဉ်မေ(ခ) ဒေါ်ရင်ရင်မေ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးအေးဇော်သန်းနှင့် ကိုဖြိုးဝေအောင်တို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်(၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၇ )ရက် နံနက်(၁၀)နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ယဉ်ယဉ်မေ(ခ) ဒေါ်ရင်ရင်မေ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက် ( ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၇)ရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက် ဆိုင်ဆိုရန် နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ ၂၈၃ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးအေးဇော်သန်းနှင့် ကိုဖြိုးဝေအောင်တို့၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်မင်းထွန်း)
ခရိုင်တရားသူကြီး
မုံရွာခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှု အမှတ် - ၇၄

ဦးကျော်ဦး နှင့် ဦးမောင်ကို
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၂၃၄)၊ သီရိဟေမာ/အနောက်ရပ်ကွက်နေ ဦးမောင်ကို(ဘ)ဦးမြစ် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလို ဦးကျော်ဦးက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၀)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀.၀၅၅၁)ဧကအကျယ်ဝန်းရှိမြေ ကွက်ရောင်းဝယ်မှုအား "မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဧပြီလ (၃)ရက်(၁၃၈၆ခုနှစ်၊ တန်ခူးလဆန်း ၆ရက်)မွန်းမတည့်မီ နံနက်(၁၀:၀၀)နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝေယံမိုး)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၆၊ စီတာပူတောင်)၊ ဦးပိုင်အမှတ်(၁၆/၄ဃ)၊ မြေဧရိယာ(၀.၁၄၂)ဧကရှိမြေကွက်သည် မူလကဒေါ်နန်တောင်အမည်ဖြင့် (၁၆-၅-၂၀၁၉)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဒေါ်နန်တောင်ထံမှ ဒေါ်မာကိုင်က(၁၅-၁-၂၀၂၅)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၀၁၈/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဒေါ်မာကိုင် ၁/ဝမန(နိုင်)၀၄၆၇၀၈အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၅၄၃/က) ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ မြေကွက်အမှတ်(၁၅၄၃/က)၊ ဧရိယာ(၂၀'x ၆၀')အကျယ်အဝန်းရှိ ဦးမြကြီး အမည်ပေါက် ပါမစ်မြေကို ဒေါ်သင်းသင်းမာ ၁၂/ဒဂတ(နိုင်)၀၆၅၁၄၅မှ ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာမြင့် ၇/ကတခ(နိုင်)၁၃၇၉၈၄က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းဇော် ( LL.B ) တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၆၄၉ )
အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၅၆၉၄၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၆၃၇)၊ မြေကွက်တည်နေရာ (၆၃၇)၊ နီလာ(၂)လမ်း၊ ၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးအေးမြင့် (AA- ၁၅၄၇၇၄)အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးအေးမြင့်အား (တရားပြိုင်)ထားကာ ဒေါ်အေးမိစံ (၉/မထလ (နိုင်) ၁၇၁၁၉၉)မှ (တရားလို)ပြုလုပ်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် (တရားရှုံး)ကိုယ်စားဘီလစ် ဒေါ်မြင့်မြင့်ကြည်(၁၂/ဒပန(နိုင်) ၀၂၈၃၄၂)မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၄၄/၂၀၂၄) (၂၇-၁၂-၂၀၂၄)၊ တရားမဇာရီမှု အမှတ်(၂/၂၀၂၅)(၂၈-၁-၂၀၂၅)၊ တရားရုံးနေ့စဉ်မှတ်တမ်း တရားနိုင်အပေါ် အနိုင်ဒီကရီချမှတ်သည့် စီရင်ချက်နှင့်အမိန့်၊ ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်း ဆင်းစစ် ဆေးရာ မြေပေါ်တွင် ပျဉ်ထောင်အိမ်၁လုံးရှိပြီး တရားနိုင်ဒေါ်အေးမိစံနေထိုင်ပါသည်။ ကျန်ပျဉ်ထောင်အိမ်တွင် ညီမဖြစ်သူ ဒေါ်အေးသင်းမိသားစုနေထိုင်ပါသည်။ တရားနိုင်မှ ကွင်းဆင်းသိရှိကြောင်းနှင့်ညီမဖြစ်သူထားရှိခြင်းအတွက် ဖြစ်ပေါ်လာ သောကိစ္စအဝဝအား တာဝန်ယူကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ်ဒေါ်မြင့်မြင့်ကြည်မှ အရောင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ည)၊ မြေကွက်အမှတ်(၁၂၀/က)၊ ၁၂၀၀ စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် (၁၂၀/က)၊ ရော(၁၁)လမ်း၊ (ည)ရပ်ကွက်၊ ဦးမြင့်သိန်း (KTN ၀၇၆၁၃၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးမြင့်သိန်းထံမှ (၁၈-၁၁-၂၀၁၂)ရက်စွဲဖြင့် ဦးသက်ခိုင်မှ ဝယ်ယူခဲ့ပြီး ဦးသက်ခိုင်ထံမှ (၃-၁၀-၂၀၁၇) ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးသိန်းလှိုင်၊ ဒေါ်ရည်ကြည်တို့မှ မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၅၃/၂၀၂၄ဖြင့် ဦးမြင့်သိန်း၊ ဦးသက်ခိုင်တို့အပေါ် ပဋိညာဉ်အတိုင်း၊ အိမ်ခြံမြေမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ (၂၇-၁၂-၂၀၂၄)ရက်က အထက်ဖော်ပြပါ မြေကွက်အပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး၊ ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်-၈/၂၀၂၅/၁၇-၁-၂၀၂၅ ရက်စွဲပါအမိန့်အရ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်ခင်နှင်းရီ (၁၂/မရက(နိုင်)၁၅၃၈၂၆)မှ ဖော်ပြပါ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ် (၃၈၀)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ) ရှိ ဦးဇော်ဝင်း (CF-၀၁၂၁၁၉) အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးရဲထွန်းအောင် (၁၂/မဘန (နိုင်) ၀၀၁၈၇၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/70071, Kenbo-125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုဆုငြိမ်း ၈/ပခက(နိုင်)၂၉၇၆၃၁ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၄၉၁၈, Kenbo (CNA-125) ယာဉ်လက်ဝယ်ရှိသူ ဦးကြည်သန်း ၉/မရမ(နိုင်)၀၄၅၀၆၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၁၄)လမ်းနေ ကျွန်မ ဒေါ်ခင်ဌေးမြင့်(ဘ)ဦးထွန်းစိန် ၁၂/သဃက(နိုင်)၁၅၇၀၃၆သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ချထားပေးသော ဒေါ်ခင်အေး အမည်ပေါက် မြေတိုင်းရပ်ကွက်(၁၆/၂)၊ မြေကွက်အမှတ်(၂၅၄)၊ အိမ်အမှတ်(၆)၊ ဧရိယာအကျယ်အဝန်း(၆၀X၂၀)ပေအား တရားဝင် လက်ရှိ ပိုင်ဆိုင်လျက်ရှိပါကြောင်း၊ ယနေ့အချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း အလျဉ်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဌေးမြင့် ၁၂/သဃက(နိုင်)၁၅၇၀၃၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/19644, New Zhineng 110 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးပိုင် ၁၄/မအပ(နိုင်)၃၆၇၀၈၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
(မအူပင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/14529, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမောင် ၉/နထက(နိုင်)၁၄၃၈၂၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
(မအူပင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/62708, Honda- Asbel-250 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မောင် ၉/မနမ(နိုင်)၀၁၃၁၂၅ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/2831, TVS-200, 3Wheel Vehicle(3X2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆိုင်လင့်(ခ)ခင်ညွန့် ၁/ဗမန(နိုင်)၀၃၈၇၃၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၅

ဦးညိမ်းမောင် နှင့် ဦးကျော်သန်း
တရားလို တရားပြိုင်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ ၂၄x၂၅ လမ်းကြား၊ အမှတ်(၇၉၁)၊ ၆၄ လမ်း နေ ဦးကျော်သန်း ( ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးကျော်သန်း သင့်အပေါ်၌ ဦးညိမ်းမောင်က " မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၄လမ်း၊ ၁၂၉ x ၁၃၀ လမ်းကြား၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၃၃- ၁၃)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်သန်းအမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုစေသည့်ဒီကရီ" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက် ( ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း(၄) ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်၊ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မတ်လ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍၊ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သဲမာဖြိုးဦး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ပုသိမ်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉

ဦးကျော်ထက် နှင့် ဗိုလ်ကြီးလှသန်းမောင်
(တရားလို) (တရားပြိုင်)

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ ရပ်ကွက်နေ ဗိုလ်ကြီး လှသန်းမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးကျော်ထက်က“မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဧပြီလ ၂ရက် (၁၃၈၆ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နိုင်ထက်အောင်)
မြို့နယ်တရားသူကြီး
ပုသိမ်ကြီးမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက် အမှတ်(၂၇၁၁)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးမျိုးဇော်အောင် အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးတင်ထွန်း (ဘ) ဦးရာဂူနတ် ၁၃/တကန(ဧည့်)၀၀၀၄၄၅ မှ မြေငှားစာချုပ်၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၈၃၅/၂၀၁၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်မေသွယ်စု (ဘ) ဦးခင်မောင်စု ၁၂/သဃက(နိုင်)၀၄၅၅၂၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်မြင့်စီ (၅/မကန(နိုင်)၀၃၁၃၂၈) ပိုင်ဆိုင်သော ကြည်သာအောင် ၂/၁၃၇၀၂ ရေယာဉ်၏ လုပ်ငန်းလိုင်စင် (က-၃/၀၂၇၃)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၄၄၄၂၉၃**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ် RA-IV/ကွက်ပြင်-၄၊ ဦးပိုင်အမှတ်(၈-ဈ)၊ မြေဧရိယာ ၀ဒသမ၆၈ဧကရှိမြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးခင်မောင်အေး ၉/မရမ(နိုင်)၀၂၈၀၅၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၃-ခ)၊ တံတားကြီးတန်းအကွက်၊ ဦးပိုင်အမှတ်(၁၁-ခ)၊ ဧရိယာ(၀.၀၃၈)ဧကရှိ ဒေါက်တာခင်ယုံ (ဇနီး) ဒေါ်ညွှန့်ညွှန့်ဝေတို့အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၂၄/ခ)နေ ဦးတင်ထွန်းအောင်-ဒေါ်ပိုပိုအောင်တို့မှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၈၅၊ အလောင်းဘုရားလမ်း၊ မြေကွက်အမှတ်၁၃၄၂၊ အကျယ်(၄၀ပေx၆၀ပေ)ရှိ ဦးညိုတင်(CA-၀၀၅၁၄၃)အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၁၃၄၁)နှင့်ကပ်လျက်ရှိသော(ပါမစ်မိတ္တူခြမ်း) အကျယ်(၂၀ပေx ၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်စပ်များဖြင့် တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြု သူ ဒေါ်ခင်ထွေး ၇/သနပ(နိုင်)၀၂၂၇၄၁၊ အမှတ်(၅၀၁)၊ မြလေးလမ်း(၇၂)ရပ်ကွက်၊ ဒဂုံတောင်ပိုင်းမြို့နယ်နေသူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကြည်သိန်း ၉/တကန(နိုင်)၁၀၂၄၈၉ကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေ ထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့် မြောက်သည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီး မြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၀၈၈)**
**အမှတ်၁၂၀၈၊ မဏိစန္ဒာလမ်း၊ (၆၉)ရပ်ကွက် ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဖုန်း-၀၉- ၄၂၁၁၁၄၈၈၃၊ ၀၉-၉၆၃၁၂၂၅၆၅၊**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

